# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလဆန်း (၅) ရက် ၊ တနင်္လာနေ့ ၊ (26-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၄၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စစ်တက္ကသိုလ်ပိုလ်လောင်းအမှတ်စဉ် (၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉) ကျောင်းဆင်းအရာရှိများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကျင်းပ



စစ်တက္ကသိုလ်ပိုလ်လောင်းအမှတ်စဉ် (၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉) ကျောင်းဆင်းအရာရှိများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၅**

စစ်တက္ကသိုလ်ပိုလ်လောင်း အမှတ်စဉ်(၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉) ကျောင်းဆင်းအရာရှိများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ အနော်ရထာခန်းမ၌ ကျင်းပရာ စစ်တက္ကသိုလ် ပိုလ်လောင်းအမှတ်စဉ်(၁၅)မှ (၁၉) ထိ ကျောင်းဆင်းအရာရှိများနှင့် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ စစ်တက္ကသိုလ်ပိုလ်လောင်း အမှတ်စဉ် (၁၅)မှ (၁၉)ထိ ကျောင်းဆင်းအရာရှိများ၏ကိုယ်စား အမှတ်စဉ်(၁၉)မှ ကျောင်းဆင်းအရာရှိတစ်ဦးက အာစရိယပူဇော်ပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်တက္ကသိုလ်ပိုလ်လောင်းအမှတ်စဉ်(၁၅)မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတဦးမြင့်ဆွေကပေးပို့သည့် ကန်တော့ပန်းဆင်စာလွှာကို အမှတ်စဉ်(၁၅)မှ ကျောင်းဆင်းအရာရှိတစ်ဦးက ဖတ်ကြားပြီး စစ်တက္ကသိုလ်ပိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉)မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပေးပို့သည့်


**စာမျက်နှာ ၁၆ ကော်လံ ၄ သို့**

**မလေးရှားနိုင်ငံသို့ ယခုနှစ် ထောပတ်သီးရာသီအတွင်း ထောပတ်သီးတန်ချိန် ၅၀ ထိ တင်ပို့ရန် လျာထား ဆောင်ရွက်နေ**

စာမျက်နှာ - ၅

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်စာရင်းဝင် ကုမ္ပဏီခုနစ်ခုက ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၄ ရက်ထိ ငွေကျပ် ၂၄၂ ဒသမ ၉၆ သန်း အရောင်းအဝယ်ဖြစ်ခဲ့**

စာမျက်နှာ - ၁၀

ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်
အယ်ဒီတာ့အာဘော်

# ဖန်တီးတီထွင်သူတို့၏ လက်ရာမူပိုင်ခွင့်

လူ့အဖွဲ့အစည်းရှိ လူမှုဘဝများ၌ မိမိတို့ဘဝ ရပ်တည်ရှင်သန်နိုင်ကြရန် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရသည်။ ထိုသို့ ဆောင်ရွက်ကြရာ၌ မိမိတို့၏ ပိုင်နိုင်ကျွမ်းကျင်မှုကိုလိုက်၍ ကာယအား၊ ဉာဏအားဖြင့် လုပ်ငန်းကိုယ်စီ လုပ်ကိုင်ဆောင်ရွက်ကြရမြဲဖြစ်သည်။ ထိုသို့ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အနုပညာရှင်များ၊ ကာယဉာဏလုပ်သားများအတွက် ပိုင်ဆိုင်မှုကိုလိုက်၍ ရရှိမည့်အခွင့်အရေးများကို အကာအကွယ်ပြုနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်တွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ကြောင်းတွေ့ရသည်။

ယခုအခါ အဆိုပါမူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန... 

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး (၂/၂၀၂၂)ကို ဒီဇင်ဘာ ၂၀ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် တီထွင်ဆန်းသစ်နိုင်မှုနှင့် ဖန်တီးနိုင်မှုစွမ်းအားများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်အချိုးကျနေခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုများကို မြင့်တက်စေနိုင်ရန် တီထွင်သူ၊ ဖန်တီးသူတို့၏လက်ရာများကို ထိထိရောက်ရောက်အကာအကွယ်ပေးမည့် မူပိုင်ခွင့်စနစ်ကို အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဖန်တီးတီထွင်သူတို့၏ လက်ရာမူပိုင်ခွင့်၏ ကနဦးစတင်အကောင်အထည်ဖော်မှုဖြစ်သော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အသက်ဝင်လာမည်ဆိုပါက မိမိတို့၏ လုပ်ငန်းကုန်အမှတ်တံဆိပ်တစ်ခုကို မသက်ဆိုင်သောအခြားသူတစ်ယောက်က အမြတ်ထုတ်အသုံးချခံရခြင်းမှ အကာအကွယ်ပေးနိုင်မည်ဖြစ်ပြီး ကာယကံရှင်ဖြစ်သော ဖန်တီးတီထွင်သူနှင့် အတတ်ပညာရှင်တို့၏ လူမှုဘဝအတွက် အရည်အသွေး၊ အောင်မြင်မှုနှင့် အသုံးဝင်မှုကိုလိုက်၍ အကျိုးခံစားခွင့်များ ရရှိလာမည်ဖြစ်သည်။

နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတွင် အထောက်အပံ့ဖြစ်စေပြီး ပြည်သူများ၏ တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်စေနိုင်မည့် မူပိုင်ခွင့်စနစ်တစ်ရပ် အကောင်အထည်ဖော်ရန် အချိန်သင့်နေပြီဖြစ်ရာ မကြာမီ အကောင်အထည်ပေါ်ပေါက်လာမည့် မူပိုင်ခွင့်ဥပဒေများကို လုပ်ငန်းရှင်များ၊ အနုပညာ၊ အတတ်ပညာဖန်တီးသူများ၏ လက်ရာများနှင့် ယှဉ်တွဲလျက် အကျိုးပြုနိုင်ရန် ဆောင်ရွက်ကြရမည်ဟု သဘောရပေသည်။

သို့ဖြစ်ပေရာ ဖန်တီးတီထွင်သူနှင့် လုပ်ငန်းရှင်၊ အနုပညာရှင်တို့၏ ကုန်အမှတ်တံဆိပ်များ၊ လက်ရာများကို မူပိုင်ခွင့်ရရှိစေမည့်အပြင် သက်ဆိုင်ရာ အရည်အသွေးနှင့် အသုံးပြုမှုကိုလိုက်၍ အကျိုးစီးပွားရရှိခံစားနိုင်မည့် မူပိုင်ခွင့်ဥပဒေများ ဆက်လက်အသက်ဝင်ရှင်သန်နိုင်ရန်နှင့် ပေါ်ပေါက်လာသော မူပိုင်ခွင့်ဥပဒေများကို နည်းလမ်းတကျအသုံးချလျက် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ဦးရေ ၇၄၉၈၀၀ လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

" ဒီနေ့ဟာ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ဖြစ်တာကြောင့် ဝေဠုဝန် ကျောက်စိမ်းစေတီတော်ကို ဘုရားဖူးတွေ နယ်စုံကနေ လာရောက်ဖူးမြော်ကြပါတယ်။ နားနေဆောင်မှာလဲ ဝင်ရောက်နားခိုကြပါတယ်။ ရှုခင်းကောင်းတဲ့နေရာတွေမှာလဲ အမှတ်တရဓာတ်ပုံရိုက်ကြတာကို တွေ့ရပါတယ်။ အခါကြီးရက်ကြီးတွေနဲ့ နေ့ထူးနေ့မြတ်တွေဆိုရင် ဘုရားဖူးဦးရေ ပိုတိုးပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပါတယ်။ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်"ဟု ဝေဠုဝန် ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၅၂၇၇ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၇၄၁၆၂၂ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၂၉၀၁ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှ ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ဖြင့် ဈေးကောင်းရရှိနေ

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေး ဈေးကွက်အတွင်း မြင်းခြံဘက်မှ ကြက်သွန်နီများ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီကို ကုန်သည်များက အဝယ်လိုက်လာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း၊ ပြည်ပ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီကို ဝယ်ယူမှုများရှိကြောင်း သိရသည်။

"အခု မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို အချို့ကြက်သွန်နီ လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချတဲ့ လုပ်ငန်းရှင်တွေ အဝယ်တော်တော်များလာတယ်။ မန္တလေး ဈေးကွက်ထဲမှာလဲ အရောင်းအဝယ် တော်တော်လေး ပြန်ပြီးကောင်းနေတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဒီဇင်ဘာလ ဒုတိယပတ်က မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ဒီဇင်ဘာ ၂၄ ရက် ပေါက်ဈေးအရ မြင်းခြံဘက်မှ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ရှိနေကြောင်း သိရသည်။

"အခုကတော့ မန္တလေးဈေးကွက်ထဲကို ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ အရောင်းအဝယ်ပြန်ဖြစ်နေတယ်။ အရောင်းအဝယ်အကောင်းဆုံး အနေအထားမှာ ရှိနေတာကတော့ မြင်းခြံဘက်ကထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေပဲ ဖြစ်ပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေး တည်ငြိမ်နေ ကမ္ဘာ့ရွှေဈေး အတက်ဘက်သို့ ရောက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၅**

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်၌ အရောင်းအဝယ် ပုံမှန်အခြေအနေသာ ရှိနေပြီး တည်ငြိမ်နေဆဲ ဖြစ်သော်လည်း ကမ္ဘာ့ရွှေဈေးကွက်တွင် အတက်ဘက်သို့ ရောက်ရှိခဲ့ကြောင်း မန္တလေး ရွှေဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၉၂ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၈၁၇ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၈၅ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ၁၇၉၃ ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

"ပြည်တွင်း ရွှေဈေးကွက်က အခုအချိန်ထိ ငြိမ်နေတယ်။ အရောင်းအဝယ်လဲ ပုံမှန်အနေအထားမှာပဲရှိနေတယ်။ တစ်ကျပ်သားကို ငွေကျပ် ၂၅ သိန်းကျော်မှာပဲ အတက်အကျနည်းနည်းနဲ့ သွားနေဆဲပါ။ လက်ရှိအခြေအနေတွေအရတော့ အကျဘက်ထက် အတက်ဘက်ကိုရောက်နိုင်မယ်လို့ ခန့်မှန်းထားကြပါတယ်"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

ဒီဇင်ဘာ ၁၈ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၉၄ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၂၈၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၂၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်းသိရသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၉၈ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၂၈၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၀၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၉၈ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၈၀၀၀၀၊ ၁၅ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၁၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန် ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်ငူမြို့နယ် ဇရပ်ကြီးကုန်းကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**တောင်ငူ ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဇရပ်ကြီးကုန်းကျေးရွာ၌ ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ ဇရပ်ကြီးကုန်းကျေးရွာ၌ ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များအနေဖြင့် လမ်းမပျက်စီးအောင်၊ ရေရှည်ကောင်းမွန်အောင်ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဇရပ်ကြီးကုန်းကျေးရွာတွင် ကျေးရွာတွင်းလမ်းအရှည် ပေ ၇၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ပေါင်းစပ်ကာ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလစတုတ္ထပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ဇရပ်ကြီးကုန်းကျေးရွာရှိ အိမ်ခြေ ၁၁၀၊ လူ ၅၇၇ ဦးတို့အတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုစနစ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ငုဝါထွေးက ပြောပြ၍ သိရသည်။

**ကိုလှိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့နယ် ထုံးဘိုကျေးရွာနေ ဒေါ်တူး မိသားစုက ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုတ်ဦးမြဝင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# သာပေါင်းမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာပေါင်း ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ရွှေစံအိုးကျေးရွာအုပ်စု ကျောက်စရစ်ကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်၊ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေ ရယူသည့်လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်ကြရန်နှင့် ရန်ပုံငွေ လေလွင့်မှုမရှိစေရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများက ကျေးရွာမြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ကျောက်စရစ်ကုန်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူအသင်းသား၊ အသင်းသူ စုစုပေါင်း ၁၃၂ ဦးတို့အတွက် ငွေကျပ် ၃၁ ဒသမ ၄၈၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# လပွတ္တာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၉ ဧကစိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**လပွတ္တာ ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နှမ်း ၁၄၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနှမ်းလျာထား ၁၄၉ ဧကကို နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၉ ဧကလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဆီထွက်သီးနှံ နှမ်းအပါအဝင် ဆောင်းသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့က စနစ်တကျပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၁၄၉ ဧကကို နိုဝင်ဘာလ ပထမပတ်လောက်မှာစတင်စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ တစ်နေရာနဲ့ တစ်နေရာတော့ သီးနှံတွေစိုက်တဲ့ရက်က မတူပါဘူး။ ဆီထွက်သီးနှံ နှမ်းကိုစိုက်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက လိုအပ်တာတွေကို ဖြည့်ဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ကျေးရွာပေါင်း ၁၃ ရွာလောက်မှာ ဆီထွက်သီးနှံနှမ်းကို အဓိကစိုက်ပျိုးကြပါတယ်။ ဆီထွက်သီးနှံနှမ်းကို တောင်သူတစ်ယောက်ကို တစ်ဧကနေ သုံးဧကထိ စိုက်ပျိုးထားပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဆီထွက်သီးနှံနှမ်းများအတွက်နှုန်းညီစေရန်၊ မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုသည့် နည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများ၊ နှမ်းမျိုးကောင်းမျိုးသန့်အသုံးချမှုများ၊ စိုက်ပျိုးနည်းစနစ်များ စသည့်တို့ကို စနစ်တကျပြုပြင်ပြောင်းလဲဆောင်ရွက်ထားကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများ အပါအဝင် ဆောင်းသီးနှံများ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရန်အတွက် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ယခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလက ထုတ်ချေးပေးခဲ့ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကျော်ကျော်လင်း**

# လဲချားမြို့နယ် ဟိုနောင်လုံကျေးရွာ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် မိတ်ဆက်ရှင်းလင်း

**လဲချား ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုနောင်လုံကျေးရွာတွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် မိတ်ဆက်ရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နန်းစန္ဒာဝင်းက ကျေးရွာ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသောလူနေမှုစနစ်ကိုရရှိစေပြီး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်ခြင်း၊ စွန့်ပစ်အမှိုက်မှထွက်ရှိလာသော အနံ့ဆိုးများကြောင့် လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေကာ ကျန်းမာရေးထိခိုက်ခြင်းတို့မှ ကာကွယ်နိုင်ခြင်း၊ စွန့်ပစ်အမှိုက်များကို ခွဲခြား၍ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲနိုင်ခြင်းနှင့် အမှိုက်ကန်ပြုလုပ်မည့်တည်နေရာ သတ်မှတ်ပေးခြင်း စသည်များကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နန်းစန္ဒာဝင်းက စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု လျာထားဆောင်ရွက်သည့် ဟိုနောင်လုံကျေးရွာရှိ ရပ်မိရပ်ဖများကို အမှိုက်ပုံးများပေးအပ်သည်။

ထို့နောက် ပညာပေးပိုစတာများကို မြန်မာဘာသာ၊ ရှမ်းဘာသာနှစ်မျိုးဖြင့် စိုက်ထူပေးခြင်း၊ ကျေးရွာတွင်းလမ်းများတစ်လျှောက် စွန့်ပစ်အမှိုက်များ ကောက်ယူခြင်း၊ သတ်မှတ်နေရာများတွင် အမှိုက်ပုံးများထားရှိစေခြင်းတို့ကို လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက ဟိုနောင်လုံကျေးရွာ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ကို ဟိုနောင်လုံကျေးရွာအပါအဝင် ဟိုနောင်အွမ်၊ ဟိုရင်နှင့် ကုန်းမောက်စံကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နန်းစန္ဒာဝင်းက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**



# မိမိနှင့် တိုင်းပြည်

## ချစ်နိုင်(စိတ်ပညာ)

**နိုင်ငံများ**

ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း အကြီးအငယ် အရွယ်အစားအမျိုးမျိုးသော အကျယ်အဝန်းများဖြင့် အရေအတွက် ၂၀၀ ခန့်ရှိလေသည်။ အချို့က နယ်မြေကျယ်ဝန်းကြသည်။ အချို့မှာ ရန်ကုန်တိုင်းဒေသကြီးထက်ပင် သေးငယ်သော နိုင်ငံမျိုးလည်းရှိသည်။ ထို့အတူ လူဦးရေအနည်းအများလည်း ကွဲပြားခြားနားသည်။ တရုတ်နိုင်ငံသည် လူဦးရေ သန်း ၁၄၀၀ ကျော်ရှိသော်လည်း လာအိုနိုင်ငံမှာ လူဦးရေ ၁၀ သန်းပင်မပြည့်ချေ။ ၆ ဒသမ ၅ သန်းမျှသာရှိ၏။ မိမိတို့၏ အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံသည် လူဦးရေ၊ အကျယ်အဝန်း၊ စီးပွားရေးအင်အား၊ စစ်ရေးအင်အားချင်း ကွဲပြားခြားနားကြပေသည်။

မြန်မာနိုင်ငံသည် အကျယ်အဝန်းအားဖြင့် အဆင့်(၄၀)ခန့်မှာရှိသည်။ မြန်မာနိုင်ငံထက် ပိုမိုကျယ်ဝန်းသောနိုင်ငံများ ၃၀ ခန့်ရှိသည်။ မြန်မာနိုင်ငံအောက် ပိုမိုသေးငယ်သော နိုင်ငံပေါင်း ၁၆၀ ခန့်ရှိကြသည်။ လူဦးရေချင်းနှိုင်းယှဉ်ပါကလည်း မြန်မာနိုင်ငံ၏ လူဦးရေ ၅၅ ဒသမ ၃ သန်းသည် နည်းလည်းမနည်းလွန်း၊ များလည်းမများလွန်းချေ။ သဘာဝတောတောင်ရေမြေနှင့် သယံဇာတများမှာလည်း မြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝသော အနေအထားမှာရှိလေသည်။ ယေဘုယျခြုံငုံ၍ ပြောရလျှင် မြန်မာနိုင်ငံသည် ယခုထက် ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်ရန် အခြေခံအကြောင်းရင်းကောင်းများ ပြည့်စုံသောနိုင်ငံတစ်နိုင်ငံဖြစ်ပေသည်။

၁၉ ရာစုတစ်ခေတ်လုံး ၁၈၂၄ ခုနှစ်မှ ၁၈၈၅ ခုနှစ်ထိ အင်္ဂလိပ်နယ်ချဲ့ကိုလိုနီ၏ ၆၂ နှစ်ကြာမျှ အဆက်မပြတ်ဖိအားပေးခြိမ်းခြောက်၍ စစ်ပွဲသုံးကြိမ် ကျူးကျော်တိုက်ခိုက်ခြင်းကို ကာကွယ်ခုခံခဲ့ရသည်။ သယံဇာတ ကျွန်းသစ်၊ ရေနံ၊ ဆန်စပါး၊ ကျောက်သံပတ္တမြားတို့ ကြွယ်ဝခြင်းက အင်္ဂလိပ်မျက်နှာဖြူကို မျက်စိကျစေခဲ့သည်။ ၁၈၈၆ ခုနှစ်တွင် ဘက်ပေါင်းစုံ ခေတ်နောက်ကျသော မြန်မာဘုရင့်နိုင်ငံတော်ကို အင်္ဂလန် ဂရိတ် ဗြိတိန်ဘုရင်မကြီးက ဝါးမျိုသိမ်းပိုက်ကာ အိန္ဒိယအောက်ရှိ ပြည်နယ်တစ်ခုအဖြစ် ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် နှစ်သစ်လက်ဆောင်ရယူလိုက်ပေတော့သည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်တွန်းလှန်ရင်း မင်း လေးဆက်မျှကြာသောအခါ ကမ္ဘာမြေပြင်ဝယ် မြန်မာနိုင်ငံနှင့် နိုင်ငံတော်အလံ လုံးဝပျောက်ကွယ်သွားခဲ့ရလေတော့သည်။ ကြေကွဲဖွယ်ပင်။

**လွတ်လပ်ရေး**

နိုင်ငံတစ်နိုင်ငံသည် ကျွန်အဖြစ် နှစ်နှစ်ရပြီဆိုလျှင် လွတ်လပ်သော နိုင်ငံအဖြစ် ပြန်လည်လွတ်မြောက်ရန် မလွယ်ကူလှချေ။ အချို့နိုင်ငံများဆိုလျှင် အနှစ် ၁၀၀၊ အနှစ် ၂၀၀ ကြာသည့်တိုင် လွတ်လပ်ရေးရရန် မစွမ်းဆောင်နိုင်ချေ။ မြန်မာလူမျိုးတို့ကား အညံ့မခံဇာတိမာန်ဖြင့် ၂၀ ရာစုတွင် တစ်ဟုန်ထိုး နည်းအမျိုးမျိုးဖြင့် ရုန်းကန်နိုးကြားကြိုးစားခဲ့ကြရာ (၁၈၈၆ ခုနှစ်မှ ၁၉၄၇ ခုနှစ်ထိ ၆၂ နှစ်ကြာကုပ်သွေးစုပ်အုပ်ချုပ်ခဲ့သော အင်္ဂလိပ်က မတတ်သာသဖြင့်) ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို လွတ်လပ်ရေးပေးခဲ့လိုက်ရ၏။

၆၂ နှစ်ကြာမျှ မိုင်ပေါင်း ၃၀၀၀ ကျော်ဝေးကွာသောအရပ်မှ စစ်ရေးအင်အားဖြင့် အဆက်မပြတ်ကျူးကျော်ရန်စ တိုက်ခိုက်သိမ်းပိုက်သော အင်္ဂလိပ်နယ်ချဲ့သည် အမိမြန်မာပြည်ကို သမင်အား ကျားကလိုက်ဆွဲစားသကဲ့သို့ ကိုက်ဖဲ့ဝါးမျိုခဲ့ပေသည်။ လက်အောက်ခံ ကိုလိုနီနယ်မြေအဖြစ်မှ ဒုတိယကမ္ဘာစစ်အပြီး အင်္ဂလိပ်စစ်ပန်းကျမွဲပြာကျချိန် မြန်မာက ဥတ်အတင်းရုန်းထသဖြင့် မကျေမနပ်နှင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးပေးလိုက်ရသည်။ အင်္ဂလိပ်နယ်ချဲ့သည် နှစ်ပေါင်း ၆၀၊ ၇၀ ကြာလာသည်ထိ ခေတ်သစ်ကိုလိုနီစနစ်ဖြင့် ဩဇာခံရုပ်သေးအစိုးရတင်ပြီး ကြိုးဆွဲချုပ်ကိုင်နိုင်ရန် ကြိုးစားနေဆဲပင်။ မြန်မာပြည်၏လွတ်လပ်ခြင်းကို အဆီတဝင်းဝင်းရှိနေလေလေ သူက မဖြစ်ဖြစ်သည့်နည်းဖြင့် ပြန်လည်ရယူစိုးမိုးရန် ကြိုးစားလေလေဖြစ်နေသည်။

**နယ်ချဲ့ရန်**

၂၀ ရာစု အင်္ဂလိပ်နယ်ချဲ့လက်အောက် မြန်မာပြည်မှာ မွေးဖွားလာခဲ့ကြသော တိုင်းရင်းသားများသည် အကင်းပါး၍ ဉာဏ်ရည်ထက်မြက်သူမှန်သမျှ နယ်ချဲ့ဆန့်ကျင်ရေးအမြင်နှင့် လွတ်လပ်ရေးရရန် ကြိုးပမ်းကြရမည်ဟူသော သဘောထားရည်ရွယ်ချက်ရှိကြလေသည်။ ကိုယ်ရေးကိုယ်တာထက် နိုင်ငံသစ်တည်ဆောက်နိုင်ဖို့ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာအရေးကို ပိုမိုဦးစားပေးကြသည်။

လွတ်လပ်ရေးမရမီမှာလူဖြစ်လာခဲ့ကြပြီး လွတ်လပ်ရေးတိုက်ပွဲအရေးတော်ပုံကြီးမှာ တော်လှန်ရေးရေစီးကြောင်းအတွင်း ပါဝင်ခဲ့ကြသူများအနက် စာရေးဆရာ၊ သတင်းစာဆရာများသည် တိုင်းပြည်နှင့် လူမျိုးအတွက် အားကိုးရသည်ကို အထူးဖော်ပြနေစရာမလိုဟုထင်သည်။

❖ ဆရာသိန်းဖေမြင့်၏ နိုင်ငံရေးလောကစွမ်းဆောင်ချက်များအနက် အောင်မြင်သည်လည်းရှိမည်။ မအောင်မြင်ခဲ့သည်လည်းရှိခဲ့မည်။ ကြီးမားသော ထိရောက်ကောင်းကျိုးပြုခြင်းများလည်းရှိနိုင်သည်။ မထိရောက်သော လုပ်ဆောင်မှုမျိုးလည်း ရှိကောင်းရှိနိုင်ပေသည်။ စာရေးဆရာ၊ သတင်းစာဆရာတစ်ဦးအနေနှင့်မူကား ဆရာကြီးဦးသိန်းဖေမြင့်သည် မော့ကြည့်ရင်း ခေါင်းပေါင်းပင် ကျွတ်ကျလုအောင် အမှန်တကယ်ကြီးကျယ်မြင့်မားသော စွမ်းဆောင်ချက်များ ပြုစုရေးသားခဲ့သည့် စာရေးဆရာ၊ သတင်းစာဆရာ တိုင်းကျိုးပြည်ပြုပုဂ္ဂိုလ်အဖြစ် အထူးထင်ရှားကျော်ကြားပါပေသည်။❖

**အလင်းပြသူ**

စာရေးဆရာ၊ သတင်းစာဆရာများစွာအနက်မှ သိသာထင်ရှားသောလူတစ်ဦးကို နမူနာသာဓကအဖြစ် ဖော်ပြလိုပေသည်။ သူ့ကျွန်ဘဝဖြင့် အဖိနှိပ်ခံ၊ အနိမ့်ခံအခြေအနေမှ ကိုယ့်မင်းကိုယ့်ချင်း လွတ်လပ်ရေးရလာသော လွတ်လပ်စနိုင်ငံတော်သစ်တွင် စိတ်သစ်လူသစ်၊ စိတ်ကူးသစ်၊ အကြံဉာဏ်သစ်တို့ဖြင့် ပြည်သူလူထုကို အလင်းရောင်မီးမောင်းထိုးကာ ကောင်းကျိုးဆောင်သူများ၏အခန်းကဏ္ဍကို လေးစားအသိအမှတ်ပြုအပ်ပါသည်။

**၁။ လွတ်လပ်ရေးအရေးတော်ပုံ တော်လှန်ရေးတိုက်ပွဲစဉ်**

**၂။ လွတ်လပ်ပြီးစ နိုင်ငံတော်အား အန္တရာယ်ရန်စွယ်အမျိုးမျိုး၏ ဘေးဒဏ်မှ ကာကွယ်တွန်းလှန်ရသော အမျိုးသားရေးတိုက်ပွဲစဉ်**

**၃။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းနှင့် ခေတ်တကျ အခြေခံရရန် ပညာပေးလှုံ့ဆော်ရခြင်းလုပ်ငန်းစဉ်**

ဤဖြစ်စဉ် သုံးပိုင်းစလုံးတွင် နိုင်ငံရေးခေါင်းဆောင်များ၊ စာဆိုတော်စာရေးဆရာ၊ သတင်းစာဆရာ၊ မီဒီယာသမားများ၏ ပါဝင်စွမ်းဆောင်ခြင်းများသည် အမှန်တကယ်ပင် ရှေ့လျားစေသည့် တွန်းအားများဖြစ်ခဲ့ကြပေသည်။

မိမိသိသမျှ၊ သတိရမိသမျှ ၁၉၁၄ ခုနှစ်တွင် ဖွားမြင်ခဲ့ကြသော စာရေးဆရာ အကျော်အမော်အချို့ကို ဖော်ပြပါမည်။

**၁။ ညိုမြ(ဦးသိန်းတင်)**

**၂။ တက္ကသိုလ်မောင်မောင်ကြီး**

**၃။ တက္ကသိုလ် ဆုမြိုင်**

**၄။ ဘသန်း(မန္တက)၊ ဗိုလ်မှူးကြီးဘသန်း**

**၅။ ဗိုလ်မှူးကြီး လှအောင်**

**၆။ ဗိုလ်မှူး ဘရှင်**

**၇။ မောင်သုတ(ဗိုလ်မှူး ဘသောင်း)**

**၈။ ဒေါက်တာ ထွန်းရွှေ**

**၉။ သစင်လွင်**

**၁၀။ မမြတ်လေး**

**၁၁။ ဦးအေးမောင်(ဓာပေဗိမာန်)**

**၁၂။ ဦးကြီးစင်**

**၁၃။ သိန်းဖေမြင့် စသည် စသည် . . .**

**နမူနာပြ**

နမူနာကောက်လှော်လာချက်အရ ၁၉၁၄ ခုနှစ်တစ်ခုအတွင်း နမူနာပုဂ္ဂိုလ်အဖြစ် ထပ်မံရွေးချယ်ဖော်ပြမည့် ဆရာသိန်းဖေမြင့်နှင့်အတူ ၁၉၁၄ ခုနှစ်အတွင်း အတူတကွမွေးဖွားခဲ့ကြသော စာရေးဆရာ၊ သတင်းစာဆရာများလည်း တစ်ဒါဇင်မကရှိကြပါလိမ့်မည်။ ဆရာသိန်းဖေမြင့်က ထိုကာလ၏ခေတ်ပြိုင်ပုဂ္ဂိုလ်များ၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပါဝင်ကြပုံများ၌ သာဓကပြရန် ထင်ရှားလွယ်ကူသဖြင့် သူ့ကို နမူနာဖော်ပြခြင်းသာဖြစ်သည်။ လူပုဂ္ဂိုလ်အရ ချစ်ခြင်း၊ မုန်းခြင်း တစ်စုံတစ်ရာအမြင်အစွဲမရှိပါ။

**ဆရာသိန်းဖေမြင့်(၁၉၁၄-၁၉၇၈)**ကို စစ်ကိုင်းတိုင်း၊ မုံရွာခရိုင် ဘုတလင်မြို့၌မွေးဖွားသည်။ အဖ မြေတိုင်းစာရေး ဦးဘ၊ အမိ ဒေါ်မြင့်တို့က ၁၉၁၄ ခုနှစ် ဇူလိုင် ၁၀ ရက် သောကြာနေ့တွင် ဖွားမြင်ခဲ့သည်။ ငယ်မည်မှာ ဘုတလင်ကျောင်းတွင် မြမောင်၊ အင်္ဂလိပ်-မြန်မာကျောင်းတွင် မောင်သိန်းဖေဖြစ်လေသည်။ ၁၉၃၂ ခုနှစ်တွင် ဒသမတန်းကို မြန်မာစာဂုဏ်ထူး၊ သင်္ချာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ သခင်အောင်ဆန်း(၁၉၁၅-၁၉၄၇)နှင့် သခင်သန်းထွန်းတို့သည်လည်း ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူး နှစ်ဘာသာ၊ ဂုဏ်ထူး သုံးဘာသာဖြင့် အောင်ခဲ့ကြသော လူတော်ကျောင်းသားများဖြစ်ကြသည်။ ကွန်မြူနစ်ခေါင်းဆောင်များ ဖြစ်လာကြသည်။ သူ့ခေတ်ကာလ၏ ဝါဒလှိုင်းလွှမ်းမိုးမှုဖြစ်သည်။ မန္တလေး ဥပစာကောလိပ်(၁၉၃၂-၁၉၃၃)၊ ရန်ကုန်တက္ကသိုလ်(၁၉၃၃-၁၉၃၅) ပညာဆက်လက်သင်ယူပြီး ၁၉၃၅ ခုနှစ်မှာ ဝိဇ္ဇာဘွဲ့ရသည်။ ကာလကတ္တားတက္ကသိုလ်တွင် ဥပဒေပညာနှင့် မဟာဝိဇ္ဇာ(ပါဠိ) (၁၉၃၈)ကို ဆည်းပူးသော်လည်း မပြီးခဲ့ပေ။

ရန်ကုန်တက္ကသိုလ် နေ့ကျောင်းသားဘဝတွင် တက္ကသိုလ်ကျောင်းသားများသမဂ္ဂ အလုပ်အမှုဆောင်(၁၉၃၄-၁၉၃၅)၊ ဒို့ဗမာအစည်းအရုံး ထွဲဖက်အတွင်းရေးမှူး (၁၉၃၆-၁၉၃၇)၊ နဂါးနီစာအုပ်အသင်း ပညာရေးအဖွဲ့ငယ်အမှုဆောင်(၁၉၃၇-၁၉၃၈)၊ ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများ၏ စည်းရုံးရေးမှူး(၁၉၄၁-၁၉၄၂)၊ ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး(၁၉၄၅-၁၉၄၆)၊ ဖဆပလအဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး(၁၉၄၆)၊ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ကြားဖြတ်အစိုးရအဖွဲ့တွင် လယ်စိုက်၊ သစ်တောဌာနဝန်ကြီး(၁၉၄၆)၊ ၁၉၄၈ ခုနှစ်မှာ ဗမာပြည်ကွန်မြူနစ်ပါတီမှ နုတ်ထွက်၊ ပြည်သူ့ညီညွတ်ရေးပါတီအထွေထွေအတွင်းရေးမှူး(၁၉၅၂)၊ ဘုတလင်မြို့နယ် ပမညတအမတ်(၁၉၅၆)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ(၁၉၅၆-၁၉၅၈ နှင့်၁၉၆၂-၁၉၆၃)၊ ဗိုလ်တထောင်သတင်းစာအုပ်ချုပ်မှု ဒါရိုက်တာနှင့် အယ်ဒီတာချုပ် စသည့်တာဝန်များယူခဲ့သည်။

နိုင်ငံရေးသမားနှင့် စာရေးဆရာ၊ သတင်းစာဆရာအဖြစ် အိန္ဒိယ၊ တရုတ်၊ အီဂျစ်၊ အင်္ဂလန်၊ ဂျပန်၊ ဗီယက်နမ်၊ အမေရိကန်၊ ရုရှား၊ အရှေ့ဂျာမနီ၊ ရိုမေးနီးယားနိုင်ငံများသို့ ပြည်ပခရီးများသွားရောက်ခဲ့သည်။

ဆရာသိန်းဖေမြင့်၏ နိုင်ငံရေးလောကစွမ်းဆောင်ချက်များအနက် အောင်မြင်သည်လည်းရှိမည်။ မအောင်မြင်ခဲ့သည်လည်း ရှိခဲ့မည်။ ကြီးမားသော ထိရောက်ကောင်းကျိုးပြုခြင်းများလည်း ရှိနိုင်သည်။ မထိရောက်သော လုပ်ဆောင်မှုမျိုးလည်း ရှိကောင်းရှိနိုင်ပေသည်။ စာရေးဆရာ၊ သတင်းစာဆရာတစ်ဦးအနေနှင့်မူကား ဆရာကြီး ဦးသိန်းဖေမြင့်သည် မော့ကြည့်ရင်း ခေါင်းပေါင်းပင် ကျွတ်ကျလုအောင် အမှန်တကယ်ကြီးကျယ်မြင့်မားသော စွမ်းဆောင်ချက်များ ပြုစုရေးသားခဲ့သည့် စာရေးဆရာ၊ သတင်းစာဆရာ တိုင်းကျိုးပြည်ပြုပုဂ္ဂိုလ်အဖြစ် အထူးထင်ရှားကျော်ကြားပါပေသည်။

**လွတ်လပ်ရေးကိုကာကွယ်**

စာပေရေးသားခြင်းအတတ်ပညာတွင် ထူးချွန်ပြောင်မြောက်သူဖြစ်သည်။ ဉာဏ်ရည်မြင့်မားပြီး အကြောင်းအရာ ရွေးချယ်မှုကောင်းမွန်သည်။ ဘယ်ခေတ်၊ ဘယ်အချိန်ဖတ်ဖတ် မရိုးနိုင်၊ မတိမ်နိုင် လတ်ဆတ်ကောင်းမွန်နေပြီး ရေးနိုင်စွမ်းရှိသူ ပုဂ္ဂိုလ်ဖြစ်လေသည်။ စံနမူနာယူထိုက်သည်။

ဆရာလွန်းအတ္ထုပ္ပတ္တိ(၁၉၃၇)၊ ဇာတ်ဆရာဦးဖိုးစိန်(၁၉၅၂)၊ တော်လှန်ရေးကာလ နိုင်ငံရေးအတွေ့အကြုံများ(၁၉၅၆)၊ တိုက်ပွဲဝင်စာများ(၁၉၆၈)၊ ကျော်ငြိမ်း(၁၉၆၁) စာအုပ်များသည် ထင်ရှားသည်။ ဝိသေသတိုင်းသမိုင်းအစ(၁၉၆၇)၊ ကျွန်တော်တို့ မွန်မြန်မာ၊ အရှေ့မြောက်တိုင်းတခွင်(၁၉၇၀)၊ မော်စီတုံးနှင့် မြန်မာ့အချုပ်အခြာအာဏာ(၁၉၆၆) စာအုပ်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတကာအခြေအနေအရ ပြည်ထောင်စုမပြိုကွဲရေးအတွက် မီးရှူးတန်ဆောင်ပမာ အလင်းထွန်းညှိပြပေးခဲ့သည့် စာပေမျိုးဖြစ်လေသည်။ **တက်ဘုန်းကြီး**(၁၉၃၇)၊ **သပိတ်မှောက်ကျောင်းသား**(၁၉၃၉)၊ **တက်ခေတ်နတ်ဆိုး**(၁၉၄၀)၊ **အရှေ့က နေဝန်းထွက်သည့်ပမာ**(၁၉၅၈)၊ **ဝတ္ထုတိုပေါင်းချုပ်**(၁၉၆၆)၊ **သီတာပြုး**(၁၉၆၈)၊ **၆၀ ကျော်မှ ရေးသောဝတ္ထုများ**(၁၉၇၈)တို့ကား ထူးခြားပြောင်မြောက်သော ဖန်တီးမှုပါသည့်ခေတ်ကို ထင်ဟပ်သော ဝတ္ထုများဖြစ်ပေသည်။

ဆရာသိန်းဖေမြင့်သည် ဝတ္ထုတို၊ ဝတ္ထုရှည် ဖန်တီးရေးဖွဲ့ခြင်း၌ ကျွမ်းကျင်နိုင်နင်းသကဲ့သို့ လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ ဆောင်းပါးများသည်လည်း ရှင်းလင်းတိကျ၍ ထိရောက်ဆွဲဆောင်စွာ ရေးသားတတ်ပေသည်။ **၂၀ ရာစုရှေ့ပိုင်းကာလ စာရေးဆရာ၊ သတင်းစာဆရာများ** သည် ယခုကောက်နုတ်တင်ပြခဲ့သော ဆရာသိန်းဖေမြင့်နှင့်ခေတ်ပြိုင် အလားတူစွာပင် လွတ်လပ်ရေးအရေးတော်ပုံ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလှုပ်ရှားမှုများ(အင်္ဂလိပ်၊ အမေရိကန် စသောနယ်ချဲ့လက်သစ်များကလည်း ဘက်ပေါင်းစုံမှ နည်းမျိုးစုံဖြင့် လွှမ်းမိုးစွက်ဖက်ခြယ်လှယ်ရန် အဆက်မပြတ် တိုးဝင်မွှေနှောက်နေဆဲ အခြေအနေတွင်) မိမိတို့ နိုင်ငံတော်အကျိုး၊ ပြည်သူတို့၏ ကောင်းကျိုးများကို ကျရာပေးရာ တာဝန်အား၊ ခွန်အား၊ စွမ်းအားရှိကြသည့်အလျောက် (စာပေတာဝန်များကို) တစ်ထောင့်တစ်နေရာမှ ပါဝင်ထမ်းဆောင်ခဲ့ကြသူများချည်းသာဖြစ်ကြသည်။ ဂုဏ်ပြုသည်။ လေးစားသည်။ အသိအမှတ်ပြုကြရသည်။ လူတစ်ဦး၏ တန်ဖိုးဆိုသည်မှာ ခေတ်သမိုင်းက သူ့ပခုံးပေါ်တင်ပေးလိုက်သော တာဝန်ကို သူကမည်မျှကျေပွန်စွာ ထမ်းဆောင်ခဲ့သနည်းဟူသော အချက်ဖြင့်သာ တိုင်းတာအကဲဖြတ်ကြရသည် မဟုတ်ပါလော။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မလေးရှားနိုင်ငံသို့ ယခုနှစ် ထောပတ်သီးရာသီအတွင်း ထောပတ်သီးတန်ချိန် ၅၀ ထိ တင်ပို့ရန် လျာထားဆောင်ရွက်နေ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မလေးရှားနိုင်ငံသို့ ယခုနှစ် ထောပတ်သီးရာသီအတွင်း မြန်မာ့ထောပတ်သီးတန်ချိန် ၅၀ ထိ တင်ပို့ရန် လျာထားဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း(MAVO) အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးမင်းထံမှ သိရသည်။

မလေးရှားနိုင်ငံသို့ မြန်မာ့ထောပတ်သီးများ တင်ပို့ခြင်းကို နိုဝင်ဘာလ ပထမပတ်မှစတင် တင်ပို့နေခြင်းဖြစ်ပြီး ယခုနှစ် ထောပတ်သီးရာသီမကုန်မီ တန်ချိန် ၅၀ ထိ တင်ပို့နိုင်ရန်လျာထားဆောင်ရွက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလ ပထမပတ်ကစပြီး ထိုင်းနိုင်ငံနဲ့ မလေးရှားနိုင်ငံကို ထောပတ်သီးစတင်တင်ပို့နေတာဖြစ်ပါတယ်။ လက်ရှိမှာ ထိုင်းနိုင်ငံကို တင်ပို့မှုခေတ္တရပ်နားထားပြီး မလေးရှားနိုင်ငံကိုတော့ ဆက်လက် တင်ပို့နေပါတယ်။ လတ်တလော မလေးရှားနိုင်ငံကို ထောပတ်သီး ၄၅ တန်လောက်ထိ တင်ပို့ထားပြီးဖြစ်ပါတယ်။ အဲဒီလို တင်ပို့ရာမှာ ထောပတ်သီး တစ်ကီလိုဂရမ်ကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဒေါ်လာ လောက်ရရှိနေပါတယ်"ဟု ဦးကျော်စိုးမင်းက ပြောပြသည်။

ယခုဘဏ္ဍာနှစ်အတွင်း မြန်မာ့ထောပတ်သီးနမူနာများကို ပြင်သစ်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုသို့ စမ်းသပ်တင်ပို့လျက်ရှိပြီး ထိုင်းနိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုက မြန်မာ့ထောပတ်သီးများကို ဝယ်လိုအားရှိနေသော်လည်း အရည်အသွေးဆိုင်ရာ လက်မှတ်များရယူရန် ရှိနေသည့်အတွက် တင်ပို့မှုခေတ္တဆိုင်းငံ့ထားကြောင်း သိရသည်။

ပြည်ပသို့ တင်ပို့နေသည့် မြန်မာ့ထောပတ်သီး Hass အမျိုးအစားမှာ နှစ်စဉ်တန်ချိန် ၃၀၀ နှင့် ၅၀၀ ကြားထွက်ရှိပြီး ထောပတ်သီးများသည် အောက်တိုဘာလမှ ဇန်နဝါရီလထိ ထွက်ရှိကြောင်း၊ ထောပတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်တွင် အများဆုံးစိုက်ပျိုးကြကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MAVO) မှ သိရသည်။

ASH



# မိုင်းဖြတ်မြို့နယ် ကချင်စံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကချင်စံပြကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း ပေးသွင်းကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကချင်စံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂ ဦးကို ရန်ပုံငွေကျပ် ၄၂ သန်းထုတ်ချေးပေးခဲ့သည်။

အခမ်းအနားသို့ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ဧင်မာ

# စာပေလမ်း

\- နိုင်ငံတော်အကျိုးအတွက်
ပါဝင်ရွက် ထမ်းဆောင်ကာ၊
ကလောင်ရှင် ကျင့်ဝတ်ကောင်း
ထိန်းကျောင်းရမှာ၊
ကောင်းမြတ်သော စာကဗျာ
ရေးသီပါ မှိုင်းမတိုက်၊
ကောက်ကျစ်ဖယ် အမှန်တရားကို
နိုးကြားလို့ကြိုက်။

\- အတ္တကို ရှေ့တန်းမထား
နှလုံးသား ဖြူစင်လေ၊
လမ်းမှန်ကို ရေးသီစပ်
ဖြောင့်မတ်ပါစေ၊
ကိုယ်ရေးသည့် ဖြစ်ရပ်တွေ
ကောင်းခြင်းဝေ အဆိပ်ကင်း၊
ပြည်သူကို သုခလွှမ်းအောင်
ကြိုးပမ်းဆောင်ကြဉ်း။

\- ကလောင်ရှင် ကျင့်ဝတ်များ
လေးစားလို့ လိုက်နာကွယ်၊
ရိုးသားစွာ စာစီကုံး
ပြုံးပန်းတွေကြွယ်၊
သိက္ခာရှိ စာကဗျာရယ်
ထုဆစ်ရွယ် ဖြစ်စေသား၊
မွန်မြတ်စွာ စာပေလမ်း
လျှောက်လှမ်းဝင့်ကြွား။ ။

ဖြိုးထက်(ရေစကြို)

# ဖြူးမြို့နယ် ကျားသောင်းကျေးရွာ၌ ကျောက်ရောမြေခင်းခြင်းပြီးစီးမှု စစ်ဆေး

**ဖြူး ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျားသောင်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျောက်ရောမြေခင်းခြင်းပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အိအိလှိုင်၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများက ကျားသောင်းကျေးရွာ၌ အရှည်ပေ ၁၁၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက ကျေးရွာရှိရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျားသောင်းကျေးရွာ၌ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၆၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် မေလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၀၂ အိမ်မှ လူ ၄၃၅ ဦးတို့ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာသွားလာနိုင်ပြီဖြစ်ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အိအိလှိုင်ထံမှ သိရသည်။

ချိုသန်းဦးနှံ့

# နိုင်ငံတကာ သတင်းများ

## ရုရှားဖက်ဒရေးရှင်းမှ ထွက်ခွာသွားသူများကို အခွန်မြှင့်တင်မည့်ဥပဒေကြမ်း ရုရှားအောက်လွှတ်တော် ဆွေးနွေးမည်



**မော်စကို ဒီဇင်ဘာ ၂၅**

နိုင်ငံမှ ထွက်ခွာသွားသူများကို အခွန်အကောက် မြှင့်တင်မည့် ဥပဒေကြမ်းတစ်ရပ်ကို ရုရှားအောက်လွှတ်တော်က ရေးဆွဲပြင်ဆင်နေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံမှ ထွက်ခွာသွားသူများအပေါ် အခွန်အကောက် မြှင့်တင်မည့်အစီအစဉ်ကို ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌ ဗယာချီစလက်ဗ်ဗိုလိုဒင်က အင်စတာဂရမ်စာမျက်နှာ၌ အတည်ပြုထားသည်။

ရုရှားဖက်ဒရေးရှင်းမှ ထွက်ခွာသွားသူများ၏ အထူးအခွင့်အရေး ခံစားခွင့်များကို ပယ်ဖျက်ခြင်းမှာ မှန်ကန်သည့် အလုပ်ဖြစ်ကြောင်း၊ ရုရှားအောက်လွှတ်တော်အနေဖြင့် ရုရှားမှ ထွက်ခွာသွားခဲ့ကြသူများအပေါ် အခွန်မြှင့်တင်ရေးဥပဒေကြမ်းတစ်ရပ်ကို အဆိုပြုဆွေးနွေးမည်ဖြစ်ကြောင်း ဗိုလိုဒင်က အင်စတာဂရမ်စာမျက်နှာ၌ ရေးသားထားသည်။

ရုရှားပြည်တွင်းမီဒီယာများ၏ အဆိုအရ ယခုနှစ်စက်တင်ဘာလအတွင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန အရန်တပ်ဖွဲ့ဝင်များဆင့်ခေါ်ချိန်တွင် ရုရှားနိုင်ငံသား ဦးရေ ၇၀၀၀၀၀ ထိ ရုရှားဖက်ဒရေးရှင်းမှထွက်ခွာသွားကြောင်း သိရသည်။

အရန်တပ်များ ဆင့်ခေါ်စဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ထွက်ခွာသွားသူများကို နိုင်ငံတော်၊ မိဘဆွေမျိုးနှင့် မိတ်ဆွေများကို သစ္စာဖောက်သူအဖြစ် ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌက ဝေဖန်ခဲ့သည်။

ယူကရိန်းစစ်ရေးပဋိပက္ခစတင်ချိန်မှစ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ထွက်ခွာသွားသူများအရေအတွက်ကို လက်ရှိအချိန်တွင် အတိအကျမသိရသေးကြောင်း သိရသည်။

KKO

## စန်ဆယ်လ်ဗေဒိုးမြို့ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများကို စစ်ဆင်ရေးတစ်ခုပြုလုပ်

**စန်ဆယ်လ်ဗေဒိုး ဒီဇင်ဘာ ၂၅**

အယ်လ်ဆာဗေဒိုး နိုင်ငံသည် ခရစ္စမတ်အကြိုညဖြစ်သည့်ဒီဇင်ဘာ ၂၄ ရက်တွင် စန်ဆယ်လ်ဗေဒိုးမြို့တစ်နေရာ၌ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများကို စစ်ဆင်ရေးတစ်ခု ပြုလုပ်ရှင်းလင်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

စန်ဆယ်လ်ဗေဒိုးမြို့တူတူနီချာပါနယ်မြေ၌ ပြုလုပ်ခဲ့သည့် အဆိုပါစစ်ဆင်ရေးတွင် အယ်လ်ဆာဗေဒိုးစစ်ဘက်မှတပ်ဖွဲ့ဝင် ဦးရေ ၁၀၀၀ နှင့် ရဲတပ်ဖွဲ့ဝင် ဦးရေ ၁၅၀တို့ ပါဝင်ခဲ့ကြသည်။

အဆိုပါ စစ်ဆင်ရေးအတွင်း အယ်လ်ဆာဗေဒိုးလုံခြုံရေးတပ်ဖွဲ့ဝင်များသည် မူးယစ်မှောင်ခိုရောင်းဝယ်သူများအဖြစ် သတင်းထွက်နေသူ ၂၃ ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

၎င်းမူးယစ် တရားခံများနှင့်အတူ လက်နက်များနှင့် မူးယစ်ဆေးဝါးများကိုပါ သိမ်းဆည်းရမိခဲ့ကြောင်း အယ်လ်ဆာဗေဒိုးအစိုးရက ဒီဇင်ဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အကြမ်းဖက်သမား အားလုံး၊ မူးယစ်မှောင်ခိုသမားများအားလုံးနှင့် ဒုစရိုက်သမားအားလုံးကို တူတူနီချာပါနယ်မြေမှ ဖယ်ရှားပစ်မည်ဖြစ်ကြောင်း အယ်လ်ဆာဗေဒိုးသမ္မတ နာယစ်ဘူကီလီက တွစ်တာစာမျက်နှာ၌ ရေးသားထားကြောင်း သိရသည်။

KKO

## တူရကီနိုင်ငံက ကာ့ဒ်လက်နက်ကိုင်များကိုစစ်ဆင်ရေးပြုလုပ်ရာတွင် ဆီးရီးယားလေပိုင်နက်အသုံးပြုနိုင်ရန် ရုရှားနှင့်ဆွေးနွေး

**အင်ကာရာ ဒီဇင်ဘာ ၂၅**

ဆီးရီးယားကာ့ဒ်လက်နက်ကိုင်များကို နယ်စပ်ဖြတ်စစ်ဆင်ရေးပြုလုပ်ရာတွင် ဆီးရီးယားမြောက်ပိုင်းလေပိုင်နက်ကို အသုံးပြုခွင့်ရရေးအတွက် တူရကီနိုင်ငံက ရုရှားနိုင်ငံနှင့်ဆွေးနွေးနေကြောင်း ရိုက်တာသတင်းဌာနက ဒီဇင်ဘာ ၂၄ ရက်တွင် ဖော်ပြခဲ့သည်။

ဆီးရီးယားကာ့ဒ်လက်နက်ကိုင်များကို စစ်ဆင်ရေးလုပ်မည်ဆိုပါက ဆီးရီးယားမြောက်ပိုင်း ဝေဟင်ပိုင်နက်အသုံးပြုခွင့်ရရေးအတွက် ရုရှားနိုင်ငံနှင့် ဆွေးနွေးနေမှုကို တူရကီ ကာကွယ်ရေးဝန်ကြီး ဟူလူဆီအက်ကာက ဒီဇင်ဘာ ၂၄ ရက်တွင် အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

တူရကီနိုင်ငံသည် ဝိုင်ပီဂျီအမည်ရှိ ဆီးရီးယားကာ့ဒ်လက်နက်ကိုင်များကို စစ်ရေးအရတိုက်ခိုက်ရန် ဆီးရီးယားမြောက်ပိုင်း ဒေသတွင်းသို့ မကြာခဏ ကျူးကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

သို့သော် ယခုနှစ် ဒီဇင်ဘာလအတွင်း အစ္စတန်ဘူလ်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် တူရကီနိုင်ငံသည် ဝိုင်ပီဂျီ ကာ့ဒ်လက်နက်ကိုင်များကို ထိုးစစ်အရှိန်မြှင့်တင်ရန် ပြင်ဆင်လျက်ရှိသည်။

အစ္စတန်ဘူလ် ဗုံးပေါက်ကွဲမှုအတွက် ကာ့ဒ်လက်နက်ကိုင်များတွင် တာဝန်ရှိကြောင်း တူရကီအစိုးရကစွပ်စွဲထားပြီး ယင်းစွပ်စွဲချက်ကို ကာ့ဒ်များက ငြင်းပယ်ထားသည်။



ဝိုင်ပီဂျီ လက်နက်ကိုင်များကို စစ်ဆင်ရေး ပြုလုပ်ရန်အတွက် ဆီးရီးယားမြောက်ပိုင်း လေပိုင်နက် ဖွင့်ပေးထားရေး နည်းလမ်းအမျိုးမျိုးကို ရုရှားတာဝန်ရှိသူများနှင့် မော်စကိုမြို့၌ ဆွေးနွေးခဲ့သည်ဟု တူရကီကာကွယ်ရေးဝန်ကြီးက ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

KKO

## တောင်အာဖရိကတွင် သဘာဝဓာတ်ငွေ့ရည်တင်ယာဉ် မီးလောင်ပေါက်ကွဲ လူရှစ်ဦးသေဆုံး

**ဂျိုဟန်နက်စဘတ် ဒီဇင်ဘာ ၂၅**

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ ဒီဇင်ဘာ၂၄ ရက်က သဘာဝဓာတ်ငွေ့ရည်တင်ယာဉ်တစ်စီး ပေါက်ကွဲမီးလောင်ခဲ့ရာ အနည်းဆုံး လူရှစ်ဦး သေဆုံး၍ ဦးရေ ၅၀ ဒဏ်ရာများရခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ သဘာဝဓာတ်ငွေ့ရည်တင်ယာဉ်သည် ယာဉ်အထက်ပိုင်းနှင့် တံတားတစ်စင်းငြိနေစဉ် ပေါက်ကွဲမီးလောင်ခဲ့ခြင်းဖြစ်ကြောင်း တောင်အာဖရိက တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သဘာဝ ဓာတ်ငွေ့ရည်တင်မော်တော်ယာဉ် ပေါက်ကွဲမီးလောင်မှုကြောင့် အနီးအနားရှိမော်တော်ယာဉ်များနှင့်လူနေအိမ်များလည်း ပျက်စီးခဲ့ရသည်။

အဆိုပါ မော်တော်ယာဉ်သည် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာနေရာအနီးမှာပင်ရှိသော ဆေးရုံတစ်ရုံသို့ သဘာဝဓာတ်ငွေ့ရည်လာဖြည့်ပေးစဉ် ပေါက်ကွဲမီးလောင်ခဲ့ခြင်းဖြစ်သည်။

သဘာဝဓာတ်ငွေ့ရည်တင်ယာဉ် ပေါက်ကွဲမှုဖြစ်ပွားစဉ် အဆိုပါဆေးရုံအဆောင်အချို့မှ လူနာများကိုလည်းဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း တောင်အာဖရိက တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် သဘာဝဓာတ်ငွေ့ရည်တင်ယာဉ်ပေါက်ကွဲမှုဖြစ်စဉ်ကို တောင်အာဖရိကတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ KKO



## ရုရှားရေပြင်များကို အသုံးပြုနေသော သင်္ဘောများအတွက် လုံခြုံရေးအာမခံထုတ်ပေးမှုကို ဂျပန်ကုမ္ပဏီသုံးခု ရပ်နားထားမည်

**တိုကျို ဒီဇင်ဘာ ၂၅**

ယူကရိန်းစစ်ရေး ပဋိပက္ခဖြစ်ပွားနေချိန်တွင် ရုရှားရေပြင်အားလုံး၌ သွားလာနေကြသည့်သင်္ဘောများအတွက် လုံခြုံရေးအာမခံထုတ်ပေးမှုကို ဂျပန်အာမခံကုမ္ပဏီကြီးသုံးခုတို့က ရပ်နားထားမည်ဖြစ်ကြောင်း ဂျပန်ပြည်တွင်းမီဒီယာများ၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဒီဇင်ဘာ ၂၄ ရက်တွင် ဖော်ပြခဲ့သည်။

ဂျပန် ပြည်တွင်းမီဒီယာများ၏ အဆိုအရ တိုကီအိုရေကြောင်းနှင့် နီချီဒိုမီးအာမခံကုမ္ပဏီ၊ ဆမ်ပိုဂျပန်အာမခံကုမ္ပဏီနှင့် မစ်ဆူအီဆူမီတိုမိုအာမခံကုမ္ပဏီတို့သည် ရုရှားရေပြင်များအတွင်း သွားလာနေသည့်သင်္ဘောများအတွက် အာမခံထုတ်ပေးမှုကို ယူကရိန်းစစ်ရေးပဋိပက္ခဖြစ်ပွားနေစဉ် ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီကြီးများအနေဖြင့် ၎င်းတို့၏ ဆုံးဖြတ်ချက်ကို သင်္ဘောပိုင်ရှင်များထံ ဒီဇင်ဘာ ၂၃ ရက်တွင် အသိပေးထားပြီးဖြစ်ကြောင်း ဂျပန်ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သို့သော် ဂျပန်အာမခံကုမ္ပဏီများ၏ ယင်းဆုံးဖြတ်ချက်ကြောင့် သဘာဝဓာတ်ငွေ့ရည် တင်သွင်းမှုအပါအဝင် ဂျပန်နိုင်ငံ၏ စွမ်းအင်တင်သွင်းမှုကဏ္ဍအပေါ် ဆိုးကျိုးသက်ရောက် လာနိုင်ကြောင်း သိရသည်။

အထူးသဖြင့် ဂျပန်အာမခံကုမ္ပဏီများ၏ဆုံးဖြတ်ချက်ကြောင့် ရုရှားနိုင်ငံ ဆာခါလင်-၂ သဘာဝဓာတ်ငွေ့နှင့် ရေနံစီမံကိန်းမှ သဘာဝဓာတ်ငွေ့ရည်များဂျပန်သို့ တင်ပို့မှုအပေါ် အကျိုးသက်ရောက်မှုရှိလာနိုင်ကြောင်း ဂျပန်ပြည်တွင်းမီဒီယာများက သုံးသပ်ထားသည်။

ဂျပန်အာမခံ ကုမ္ပဏီများ၏ ဆုံးဖြတ်ချက်၌ ယူကရိန်းနှင့်အလှမ်းကွာလွန်းသည့် ရုရှားအရှေ့ဖျား ရေပြင်ဒေသများကိုပါ အသုံးပြုနေသော သင်္ဘောများလည်း အကျုံးဝင်ကြောင်း သိရသည်။ KKO




# ဘရန့်ဖို့ဒ်နည်းပြ သောမတ်ဖရန့် အသင်းနှင့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းတိုး

**လန်ဒန် ဒီဇင်ဘာ ၂၅**

ဘရန့်ဖို့ဒ်အသင်းသည် အသင်းအား ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြ သောမတ်ဖရန့်ကို လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးနိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ သောမတ်ဖရန့်သည် ဘရန့်ဖို့ဒ်အသင်းနှင့် ၂၀၁၆ ခုနှစ်က စတင်လက်တွဲခဲ့သော်လည်း လက်ထောက်နည်းပြ အဖြစ်သာ တာဝန်ယူခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အသင်း၏နည်းပြချုပ်အဖြစ် ခန့်အပ်ခံရပြီးနောက် အသင်းအား ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက လာမည့် ၂၀၂၇ ခုနှစ်ထိ လေးနှစ်ခွဲစာချုပ် ထပ်မံချုပ်ဆိုခဲ့ကြောင်း သိရသည်။

နည်းပြ သောမတ်ဖရန့်က "ဘရန့်ဖို့ဒ်အသင်းကို တာဝန်ယူခဲ့တာ အခုဆို ခြောက်နှစ်ကာလ ရောက်ခဲ့ပါပြီ။ အသင်းရဲ့ နည်းပြချုပ်တစ်ယောက်အနေနဲ့ လက်တွဲခဲ့တဲ့ ကာလတစ်လျှောက်မှာ အနိမ့်အမြင့် အတက်အကျတွေနဲ့ ကြုံခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို ယုံကြည်ပေးတဲ့ အသင်းတာဝန်ရှိသူတွေနဲ့ အသင်းပရိသတ်တွေကြောင့် အရမ်းပျော်ရွှင်ရပါတယ်။ ဒီနေ့ခေတ် မော်ဒန် ဘောလုံးလောကမှာ အသင်းတစ်သင်းကို ကာလရှည် တာဝန်ယူဖို့ဆိုတာ မလွယ်ပါဘူး။ ကျွန်တော့်ကို ဆက်လက်ယုံကြည်ပေးတဲ့ အသင်းတာဝန်ရှိသူတွေနဲ့ ကစားသမားတွေ၊ ပရိသတ်တွေအပါအဝင် အားလုံးကို ကျေးဇူးတင်ပါတယ်" ဟုပြောကြားခဲ့သည်။

၎င်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘရန့်ဖို့ဒ်အသင်းကို ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ပရီးမီးယားလိဂ်တွင် တစ်လတာအကောင်းဆုံးနည်းပြဆုရယူ၍ ဘောလုံးရာသီကုန်ဆုံးချိန်တွင်လည်း အဆင့် (၁၃) နေရာသို့ ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ် တစ်နှစ်တာအကောင်းဆုံးနည်းပြစာရင်းတွင် ပါဝင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင်လည်း ရမှတ် ၁၉ထိစုဆောင်းနိုင်ခဲ့သဖြင့် အသင်းအားအမှတ်ပေးဇယားအဆင့် (၁၀) သို့ ပို့ဆောင်ထားနိုင်ကြောင်း သိရသည်။

ML




## အားကစားသတင်း အတိုအထွာများ

- အေဗာ်တန်ကိုအသင်းက လက်စတာအသင်း ခံစစ်ကစားသမား ဆိုရန်ဆူကို ခေါ်ယူရန် ကစားသမားနှင့် သဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ရစ်ချာလီဆန်၏ ပေါင်ခြံဒဏ်ရာမှာ လေးပတ်ခန့်အနားယူရမည်ဖြစ်ကြောင်း စပါးအသင်းနည်းပြ ကွန်တီက တရားဝင်ကြေညာခဲ့သည်။
- ဂိုးသမားမာတီနက်ဇ်ကို ရောင်းချရန်ပြင်ဆင်နေသည့် နည်းပြ အမ်မရီက ကမ္ဘာ့ဖလားတွင် လက်စွမ်းပြသနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် အမြန်ဆုံးရောင်းချရန်သာ စီစဉ်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# World Tennis League ပြိုင်ပွဲချန်ပီယံဆု The Hawks အသင်းဆွတ်ခူး




**ဒူဘိုင်း ဒီဇင်ဘာ ၂၅**

ယူအေအီးနိုင်ငံ ဒူဘိုင်းတွင် ကျင်းပခဲ့သည့် ၂၀၂၂ ခုနှစ် World Tennis League တင်းနစ်ပြိုင်ပွဲတွင် The Hawks အသင်းက The Kites အသင်းကို အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း News Lanes သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

The Hawks အသင်းတွင် ဂျာမနီ တင်းနစ်ကစားသမား အလက်ဇန္ဒားဇီရက်ဗ်၊ ဩစတြီးယား တင်းနစ်ကစားသမား ဒိုမီနစ်သမ်၊ ကာဇက်စတန်တင်းနစ်မယ် ရှဘာကီနာနှင့် ရုရှားတင်းနစ်မယ် ပက်လူချန်ကိုဗာတို့ ပါဝင်ပြီး The Kites အသင်းတွင် ကနေဒါ တင်းနစ်ကစားသမား ဖိလစ်အူကာ၊ ဒိန်းမတ် တင်းနစ်ကစားသမား ဟိုလ်ဂါရွန်နီ၊ ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် အိန္ဒိယတင်းနစ်မယ် မီရ်ဇာတို့ ပါဝင်ခဲ့ကြသည်။

တစ်ဦးချင်းပွဲစဉ်အဖြစ် The Hawks အသင်းမှ အလက်ဇန္ဒားဇီရက်ဗ်နှင့် The Kites အသင်းမှ ဖိလစ်အူကာတို့ပွဲစဉ်တွင် ဖိလစ်အူကာက (၆-၄၊ ၆-၃) ရလဒ်ဖြင့် အလက်ဇန္ဒားဇီရက်ဗ်ကို အနိုင်ရရှိခဲ့သည်။

ဒုတိယတစ်ဦးချင်းပွဲစဉ်အဖြစ် The Hawksအသင်းမှ ရှဘာကီနာက The Kites အသင်းမှ ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် စဝီယာတက်ခ်ကို (၆-၃၊ ၆-၁) ရလဒ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့ပြီး သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲစဉ်အဖြစ် နှစ်ယောက်တွဲပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာတွင် The Hawks အသင်းမှဒိုမီနစ်သမ်နှင့် ပက်လူချန်ကိုဗာတို့အတွဲက The Kites အသင်းမှဟိုလ်ဂါရွန်နီနှင့် မီရ်ဇာတို့အတွဲကို (၇-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

AZL

# 2023 Ballon d'Or ဆုအတွက် အကောင်းဆုံး ကစားသမားစာရင်းတွင် မက်ဆီထိပ်ဆုံး၌ ရပ်တည်

**ပဲရစ် ဒီဇင်ဘာ ၂၅**

ဘောလုံးအားကစားတွင်အရှိန်အဝါကြီးမားသည့် ဆုတစ်ခုဖြစ်သည့် 2023 Ballon d'Or ဆုအတွက် အကောင်းဆုံးကစားသမားစာရင်းတွင် အာဂျင်တီးနားအသင်းကို ကမ္ဘာ့ဖလားရယူပေးခဲ့သည့် တိုက်စစ်မှူး မက်ဆီက ထိပ်ဆုံးတွင် ရပ်တည်နေကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခင်က အဆိုပါဆုအတွက် ပြက္ခဒိန်နှစ်တစ်နှစ်၏ ဇန်နဝါရီလမှ ဒီဇင်ဘာလထိ ကစားသမားတစ်ဦး၏ စွမ်းဆောင်ရည်များကို အကဲဖြတ်၍ ရွေးချယ်ပေးအပ်ခဲ့သော်လည်း လာမည့် ၂၀၂၃ ခုနှစ် ဆုပေးပွဲတွင် ကလပ်အသင်းတစ်ခု၏ ဘောလုံးရာသီတစ်ခုအတွင်း စွမ်းဆောင်နိုင်ခဲ့သည့် ကစားသမားများ၏ စွမ်းဆောင်မှုများကိုသာ စိစစ် အကဲဖြတ်သွားမည်ဖြစ်သောကြောင့် ကလပ်အသင်းများ၏ ရာသီဝက်ကာလနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့သည့် ကစားသမားစာရင်းတွင် တိုက်စစ်မှူး မက်ဆီက ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

၎င်း၏နောက်တွင် ကမ္ဘာ့ဖလား၌ သွင်းဂိုးအများဆုံး ဆုရရှိခဲ့သည့် ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး အမ်ဘက်ပီက အဆင့် (၂)၊ မန်စီးတီးအသင်းနှင့်အတူ ပြိုင်ပွဲစုံတွင် သွင်းဂိုး ၂၄ ဂိုးသွင်းယူနိုင်ခဲ့သည့် ဟာလန်းက အဆင့် (၃)၊ ပီအက်စ်ဂျီတိုက်စစ်မှူးနေမာက အဆင့်(၄)၊ မန်စီးတီးကွင်းလယ် ကစားသမား ဒီဘရိုင်းက အဆင့် (၅)၊ ဘာစီလိုနာတိုက်စစ်မှူးလီဝမ်ဒေါ့စကီးက အဆင့် (၆)၊ ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ဗင်နီစီးယက်စ်က အဆင့် (၇)၊ အေဗာ်တန်ကိုတိုက်စစ်မှူး ဂရစ်ဇ်မန်းက အဆင့် (၈)၊ အေဗီလာအသင်း ဂိုးသမားမာတီနက်ဇ်က အဆင့် (၉)၊ ရီးရဲလ်မက်ဒရစ် ကွင်းလယ်ကစားသမား မိုဒရစ်က အဆင့် (၁၀)၊ လီဗာပူးကစားသမားဆာလာဟ်က အဆင့် (၁၁)၊ ပီအက်စ်ဂျီခံစစ်ကစားသမား ဟာကီမီက အဆင့် (၁၂)၊ဘင်ဖီကာကစားသမား အန်ဇိုဖာနန်ဒက်စ်က အဆင့် (၁၃)၊ နာပိုလီကွင်းလယ်ကစားသမား ကဗာရက်ရှီလီယာက အဆင့် (၁၄)နှင့် ဖီအိုရင်တီးနားကွင်းလယ်ကစားသမား အမ်မရာဘတ်က အဆင့် (၁၅) နေရာတွင် ရပ်တည်ခဲ့သည်။


ML

# ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ပြောင်းရွှေ့ကြေးမြင့်တက်လာသည့် ကစားသမားစာရင်းတွင် ဘယ်လင်ဟမ် ထိပ်ဆုံးမှရပ်တည်

**လန်ဒန် ဒီဇင်ဘာ ၂၅**

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် အပြောင်းအရွှေ့ဈေးကွက်တန်ကြေးမြင့်တက်လာသည့် ကစားသမားစာရင်းတွင် ဒေါ့မွန်အသင်းမှ ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်က တန်ဖိုးအမြင့်ဆုံးကစားသမားအဖြစ် ထိပ်ဆုံးတွင်ရပ်တည်နေသည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၉နှစ်သာရှိသေးသည့် ဘယ်လင်ဟမ်သည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က ဘာမင်ဂမ်အသင်းမှ ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၆ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီက ၎င်း၏ဈေးကွက်တန်ကြေးမှာ စတာလင်ပေါင် ၁၀၆ သန်းသာရှိခဲ့သော်လည်း ပြိုင်ပွဲအပြီးတွင် ဈေးကွက်တန်ကြေးမှာ စတာလင်ပေါင် ၁၁၆ သန်း ဖြစ်လာခဲ့ခြင်းဖြစ်သည်။




ဘယ်လင်ဟမ်၏ နောက်တွင် ဈေးကွက်တန်ကြေး မြင့်မားသည့် ကစားသမားများအဖြစ် ရီးရဲလ်မက်ဒရစ်အသင်းမှ ချူအာမန်ဒီက စတာလင်ပေါင် ၈၅ သန်းမှ စတာလင်ပေါင် ၉၅ ဒသမ ၆ သန်းထိ မြင့်တက်လာခဲ့ပြီး အဆင့် (၂)၊ လိုက်ပ်ဇစ်အသင်းမှ ဂါဗာဒီလိုက စတာလင်ပေါင် ၇၉ ဒသမ ၆ သန်းဖြင့် အဆင့် (၃)၊ ပီအက်စ်ဗွီအသင်းမှ ဂက်ပိုက စတာလင်ပေါင် ၆၃ ဒသမ ၈ သန်းဖြင့် အဆင့် (၄)၊ အာဂျင်တီးနားအသင်းနှင့် ကမ္ဘာ့ဖလားချန်ပီယံဆုအပြင် လူငယ်အကောင်းဆုံး ကစားသမားဆုရရှိခဲ့သည့် အင်ဇိုဖာနန်ဒက်က စတာလင်ပေါင် ၅၈ ဒသမ ၄ သန်းဖြင့် အဆင့် (၅)၊ မန်စီးတီးအသင်းမှ အယ်လ်ဗာရက်က စတာလင်ပေါင် ၅၃ သန်းဖြင့် အဆင့် (၆)၊ ဘာရိုက်တန်အသင်းမှ အယ်လစ်စတာက စတာလင်ပေါင် ၄၄ ဒသမ ၆ သန်းဖြင့် အဆင့် (၇)၊ မိုနာကိုအသင်းမှ မူအာနီက စတာလင်ပေါင် ၃၉ ဒသမ ၃ သန်းဖြင့် အဆင့် (၈)၊ ဘင်ဖီကာအသင်းမှ ဝွန်ကာလိုရာမို့စ်က စတာလင်ပေါင် ၃၁ ဒသမ ၉ သန်း ဖြင့် အဆင့် (၉)၊ အန်ဂါအသင်းမှအိုနာဟီက စတာလင်ပေါင် စတာလင်ပေါင် ၁၅ သန်းဖြင့် အဆင့် (၁၀)ထိ အသီးသီးမြင့်တက်ခဲ့ကြကြောင်း သိရသည်။

STA

# ကစားသမားလေးဦးကို တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုနိုင်ရန် မန်ယူအသင်းပြင်ဆင်




**မန်ချက်စတာ ဒီဇင်ဘာ ၂၅**

မန်ယူအသင်းသည် လာမည့် ၂၀၂၃ ခုနှစ် ဇွန်လတွင် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်၊ ခံစစ်ကစားသမားလုခ်ရှော၊ဒါလော့နှင့်ကွင်းလယ်ကစားသမား ဖရက်ဒ်တို့ကို တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်နိုင်ရန် ပြင်ဆင်နေကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းမှ အဆိုပါကစားသမားလေးဦးသည် ယခုနှစ် ဘောလုံးရာသီကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်၍ အသင်းအနေဖြင့် အလွတ်ပြောင်းရွှေ့ခွင့်မပြုနိုင်သောကြောင့် ကစားသမားများနှင့် သဘောတူစာချုပ်တွင် စာချုပ်သက်တမ်းကုန်ဆုံးပါက တစ်နှစ်သက်တမ်းတိုးခွင့်ပါရှိသောကြောင့် စာချုပ်ပါ အချက်အလက်အရလာမည့် ၂၀၂၄ ခုနှစ်ထိစာချုပ်သက်တမ်းတိုးရန် စီစဉ်နေသည်။

တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ပြိုင်ပွဲစုံ သွင်းဂိုး ကိုးဂိုးထိသွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သည့်အပြင် ခံစစ်ကစားသမား လုခ်ရှော၊ ဒါလော့နှင့် ဖရက်ဒ်တို့သည်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း နည်းပြတန်ဟတ်လက်အောက်တွင် ခြေစွမ်းပြသနိုင်သောကြောင့် အသင်းတာဝန်ရှိသူများက အဆိုပါကစားသမားများကို ကာလရှည်စာချုပ်ချုပ်နိုင်ရန် သို့မဟုတ် မြင့်မားသည့်ပြောင်းရွှေ့ကြေးများဖြင့် ရောင်းချနိုင်ရန်အတွက် အချိန်ရယူချင်သောကြောင့် တစ်နှစ်သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့သည်။

သို့သော် မန်ယူအသင်းသည် ၎င်းတို့နှင့်အတူ စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဂိုးသမားဒီဂီယာကို စာချုပ်သက်တမ်းတိုးရန် ဆန္ဒရှိသော်လည်း တစ်ပတ်လုပ်ခစတာလင်ပေါင် ၃၇၅၀၀၀ ရရှိနေသည့် ဒီဂီယာအနေဖြင့် အသင်းနှင့်ဆွေးနွေးမှု အဆင်မပြေသောကြောင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်သေချာနေကြောင်း သိရသည်။ ML

# ဘောလုံးသမိုင်းတစ်လျှောက် ထာဝရအကောင်းဆုံးနည်းပြအဖြစ် မန်ယူအသင်းဂန္ထဝင် နည်းပြကြီး ဖာဂူဆန် သတ်မှတ်ခံရ

**မန်ချက်စတာ ဒီဇင်ဘာ ၂၅**

နာမည်ကြီးသတင်းဌာနတစ်ခုဖြစ်သည့် 90Min သတင်းဌာနက ဖော်ပြခဲ့သည့် ဘောလုံးသမိုင်းတစ်လျှောက်ထာဝရ အကောင်းဆုံးနည်းပြ ဦးရေ ၅၀ စာရင်းတွင် မန်ယူအသင်း ဂန္ထဝင်နည်းပြကြီး ဖာဂူဆန်က ထိပ်ဆုံးတွင် ရပ်တည်ခဲ့ပြီး ထာဝရအကောင်းဆုံးနည်းပြအဖြစ် သတ်မှတ်ခံခဲ့ရသည်ဟု 90Min သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၈၀ ရှိပြီဖြစ်သည့် နည်းပြကြီး ဖာဂူဆန်သည် ပရော်ဖက်ရှင်နယ်နည်းပြဘဝကို စကော့တလန်ထိပ်သီးကလပ်အာဘာဒင်းအသင်းနှင့်စတင်ခဲ့သူဖြစ်ပြီး အာဘာဒင်းအသင်းကို ဥရောပ၌ထိပ်တန်းအသင်း တစ်သင်းဖြစ်အောင် တည်ဆောက်နိုင်ခဲ့ပြီး ဥရောပဖလားနှင့် ဥရောပစူပါဖလားတို့ အပါအဝင် စုစုပေါင်းဆုဖလား ၁၀ လုံးထိ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ထို့နောက် နည်းပြဖာဂူဆန်သည် ၁၉၈၆ ခုနှစ်က မန်ယူအသင်းကို ပြောင်းရွှေ့တာဝန်ယူခဲ့ပြီး အသင်းကို ဆယ်စုနှစ်နှစ်ခုကျော်ကြာ တာဝန်ယူကိုင်တွယ်ခဲ့ရာ အင်္ဂလန်နိုင်ငံတွင်သာမက ဥရောပတွင် ထိပ်တန်းအသင်း တစ်သင်းဖြစ်အောင်တည်ဆောက်ခဲ့ပြီး မန်ယူအသင်းနည်းပြဘဝ ပရီးမီးယားလိဂ်၊ချန်ပီယံလိဂ်၊ဥရောပစူပါဖလား




တို့ အပါအဝင် စုစုပေါင်းဆုဖလား ၃၈လုံးထိ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပြီး ၂၀၁၃ ခုနှစ်က မန်ယူအသင်းကို ပရီးမီးယားလိဂ် ချန်ပီယံဆုယူပေးပြီးနောက် ပရော်ဖက်ရှင်နယ်နည်းပြဘဝမှ အနားယူခဲ့သူဖြစ်ကြောင်း သိရသည်။

STA

# ပီအက်စ်ဂျီအသင်းက မက်ဆီနှင့် ၂၀၂၄ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိ

**ပဲရစ် ဒီဇင်ဘာ ၂၅**

အာဂျင်တီးနားအသင်းနှင့်အတူ ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးထားသည့် အာဂျင်တီးနားအသင်း တိုက်စစ်မှူးမက်ဆီသည် ပီအက်စ်ဂျီအသင်းနှင့် ၂၀၂၄ ခုနှစ်အထိ သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း France 24သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဆီသည် ပီအက်စ်ဂျီအသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်အရ ၂၀၂၃ ခုနှစ် နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးမည် ဖြစ်သော်လည်း တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ဘာစီလိုနာအသင်းသို့ပြန်ရန် သတင်းများထွက်ပေါ်ခဲ့သော်လည်းအသင်းဟောင်းသို့ပြန်မည်မဟုတ်ဘဲ ပီအက်စ်ဂျီအသင်း၌ ဆက်လက်ကစားသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ပီအက်စ်ဂျီအသင်းနှင့်ချုပ်ဆိုသွားမည့်စာချုပ်သစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးပါက တစ်နှစ်ထပ်မံ၍ သက်တမ်းတိုးနိုင်မည့် သဘောတူညီချက်ကို ထည့်သွင်းချုပ်ဆိုမည်ဖြစ်သည်။

စပိန်သတင်းထောက် တစ်ဦးဖြစ်သူ ဘယ်လာဂေက "မက်ဆီဟာ ဘာစီလိုနာအသင်းကို လုံးဝမပြန်ချင်တာတော့ မဟုတ်ပါဘူး။ လက်ရှိအသင်းမှာ ပျော်ရွှင်နေတဲ့အတွက် ပဲရစ်မှာပဲဆက်နေသွားဖို့ စီစဉ်နေပါတယ်။ လက်ရှိမှာတော့ မက်ဆီဟာ မိသားစုနဲ့ အနားယူနေပြီးတော့ ပဲရစ်ကို ပြန်ရောက်တဲ့အချိန် အသင်းနဲ့စာချုပ်သစ်ချုပ်ဆိုသွားမှာဖြစ်ပါတယ်။ စာချုပ်သက်တမ်းတိုးဖို့အတွက် ပီအက်စ်ဂျီအသင်းနဲ့မက်ဆီအကြား သဘောတူညီချက် ရရှိထားပြီးဖြစ်ပါတယ်။ သူကိုယ်တိုင်လဲ ပျော်ရွှင်နေသလို ပီအက်စ်ဂျီအသင်းနဲ့အတူ ချန်ပီယံလိဂ် ဆုဖလားရယူသွားဖို့ ဆန္ဒရှိနေပါတယ်။မက်ဆီအနေနဲ့ ချန်ပီယံလိဂ်ဆုဖလားကိုသာ ထပ်ယူနိုင်မယ်ဆိုရင် သူ့အတွက် Ballon d'Or ဆုကို နောက်တစ်ကြိမ် မျှော်လင့်နိုင်သေးတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# အသင်းသစ်ရှာဖွေရန် ကြန့်ကြာနေမှုကြောင့် စီရော်နယ်ဒိုနှင့် အေးဂျင့်ဂျော့မန်ဒက်တို့ လမ်းခွဲ

**လစ္စဘွန်း ဒီဇင်ဘာ ၂၅**

စီရော်နယ်ဒိုနှင့် နာမည်ကြီးအေးဂျင့်ဂျော့မန်ဒက်တို့ အသင်းသစ်ရှာဖွေရန် ကြန့်ကြာနေမှုကြောင့် လမ်းခွဲခဲ့ပြီး စီရော်နယ်ဒိုက အသင်းသစ်မပြောင်းရွှေ့မီ အေးဂျင့်တစ်ဦးရှာဖွေမှု ပြုလုပ်လျက်ရှိနေကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စီရော်နယ်ဒိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ပီးယာ့မော်ဂန်နှင့် အင်တာဗျူးအစီအစဉ်တွင် မန်ယူအသင်းမှ တာဝန်ရှိသူများနှင့် နည်းပြတန်ဟတ်တို့ကို လူသိရှင်ကြားပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပြီး အသင်းမှ အတွင်းရေးကိစ္စရပ်များကိုလည်း ထုတ်ဖော်ပြောကြားခဲ့သည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း မန်ယူအသင်းက စာချုပ်ဖျက်သိမ်းပြီး အသင်းမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ယခုနှစ်ဘောလုံးရာသီ စတင်မီကတည်းက မန်ယူအသင်းမှထွက်ခွာ၍ အသင်းသစ်ပြောင်းရွှေ့ကစားရန် စီစဉ်ခဲ့သူဖြစ်ပြီး ၎င်းကို ခေါ်ယူမည့်အသင်းသစ်မရှိသည့်အတွက် မန်ယူအသင်းနှင့် ဆက်လက် လက်တွဲခဲ့ရခြင်းဖြစ်သည်။

စီရော်နယ်ဒို၏ အသင်းအပြောင်းအရွှေ့နှင့် ပတ်သက်ပြီး အေးဂျင့်ဂျော့မန်ဒက်က ၎င်းပြောင်းရွှေ့ကစားနိုင်သည့်အသင်း ၃၀ စာရင်းကို ပေးအပ်ခဲ့ပြီး စီရော်နယ်ဒိုကလည်း အဆိုပါအသင်း ၃၀ မှ ၎င်းပြောင်းရွှေ့ကစားလိုသည့် အသင်းသုံးသင်း အမည်စာရင်းကို အေးဂျင့်ထံ ပြန်လည်လွှဲပြောင်းပေးအပ်ပြီး ညှိနှိုင်းစေခဲ့သော်လည်း ၎င်းပြောင်းရွှေ့လိုသည့် အသင်းသုံးသင်းနှင့် ညှိနှိုင်းမှုမအောင်မြင်ဘဲ ကြန့်ကြာနေခဲ့ခြင်းဖြစ်သည်။ STA

# လိုက်မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်ကို လက်ချောင်းကျိုးဒဏ်ရာကြောင့် ဂျာမယ်ချာလို ဖျက်သိမ်း

**ဝါရှင်တန် ဒီဇင်ဘာ ၂၅**

WBA (Super)၊ WBC၊ IBF၊ WBO လိုက်မစ်ဒယ်ဝိတ်တန်း ချန်ပီယံ ဂျာမယ်ချာလိုသည် ကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ တင်မ်တီဇူနှင့် ဇန်နဝါရီ ၂၈ ရက်တွင် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်တွင် ထိုးသတ်သွားရန် စီစဉ်ထားသော်လည်း လေ့ကျင့်ရေးအစီအစဉ်တွင် ဘယ်ဘက်လက်ချောင်းနှစ်ချောင်းကျိုးခဲ့သည့်အတွက် စိန်ခေါ်ပွဲအား ဖျက်သိမ်းလိုက်ကြောင်း ဂျာမယ်ချာလိုက ထုတ်ပြန်ခဲ့သည်ဟု Ringnews 24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၂ နှစ်ရှိ အမေရိကန်လက်ဝှေ့သမား ဂျာမယ်ချာလိုသည် စိန်ခေါ်ပွဲစဉ်အတွက် ဟောက်စတန်မြို့တွင်ပြင်းပြင်းထန်ထန်လေ့ကျင့်မှုများပြုလုပ်နေပြီး Sparring ယူရင်း လက်သန်းနှင့် လက်သူကြွယ်ကျိုးသည့်ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ကြောင်း ဂျာမယ်ချာလို၏ Promoterအဖွဲ့ဖြစ်သောPremier Boxing Champions ကလည်း အတည်ပြုထုတ်ပြန်ခဲ့သည်။

ဂျာမယ်ချာလိုက "ချန်ပီယံကာကွယ်ပွဲစဉ်အတွက် ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ Sparring ယူနေရင်းလက်သီးချက် ကိုးလုံးအတွဲလိုက် ဆက်တိုက်ထိုးလိုက်တာ မတော်တဆ လက်ချောင်းထိခိုက်သွားတယ်။ ဆရာဝန်ကို ပြကြည့်ပြီး လိုအပ်တဲ့စစ်ဆေးမှုတွေ ပြုလုပ်တော့ လက်သန်းနဲ့ လက်သူကြွယ် အရိုးကျိုးသွားတယ်လို့ သိရပါတယ်။ အခုတော့ ကျောက်ပတ်တီးကိုင်ထားတယ်။ ကျောက်ပတ်တီးက နှစ်လနေမှဖြုတ်လို့ရမယ်။ ဆရာဝန်ညွှန်ကြားချက်အတိုင်း အနားယူသွားမယ်။တင်မ်တီဇူအတွက်တော့ စိတ်မကောင်းပါဘူး။ ကျွန်တော့်ပွဲစဉ်ကို စောင့်မျှော်နေတဲ့ ပရိသတ်တွေကိုလဲ တောင်းပန်ပါတယ်" ဟု ပြောကြားခဲ့သည်။ AZL



# ဗဟန်းမြို့နယ် ရွှေတောင်တန်းပန်းချီပြခန်းတွင် ပန်းချီဆရာခုနစ်ဦး၏ အွန်လိုင်းပန်းချီပြပွဲ ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်ထိ ပြသသွားမည်



**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ရွှေတောင်တန်းပန်းချီပြခန်းတွင် ပန်းချီဆရာခုနစ်ဦး၏ အွန်လိုင်းပန်းချီပြပွဲကို ဒီဇင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲစီစဉ်သူ ပန်းချီ သက်မွန်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီဆရာများဖြစ်သည့် ပန်းချီ ဦးလွန်းကြွယ်၊ ပန်းချီ စတားမြသန်း၊ ပန်းချီ စောလှိုင်၊ ပန်းချီ လှတင်ထွန်း၊ ပန်းချီ ငွေးအောင်၊ ပန်းချီ တင်လှဝင်းထင်၊ ပန်းချီ မောင်မောင်လှမြင့်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် အပါအဝင် လက်ရာစုံ၊ အရောင်အသွေးစုံပန်းချီကား ၃၅ ကားကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ စုဆောင်းထားတဲ့ ပန်းချီဆရာကြီးတွေရဲ့ လက်ရာစုံပန်းချီကား ၃၅ ကားကို ပြသမှာဖြစ်ပါတယ်။ အဲဒီထဲမှာ ပန်းချီဦးလွန်းကြွယ်၊ ပန်းချီ စတားမြသန်း၊ ပန်းချီ တင်လှဝင်းထင်၊ ပန်းချီစောလှိုင်တို့လို ဝါရင့်ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားတွေကို အဓိကပြသသွားမှာပါ"ဟု ပန်းချီသက်မွန်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံ ပန်းချီကားများပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ၁၀ သိန်းမှ အများဆုံး ငွေကျပ်သိန်း ၄၀ ထိရှိကြောင်း သိရသည်။

ASH

# Avatar: The Way of Water ၏ ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာသန်း ၆၀၀ ကျော်ရှိ

**နယူးယောက် ဒီဇင်ဘာ ၂၅**

၂၀ ရာစုရုပ်ရှင်စတူဒီယို၏ Avatar: The Way of Water ဇာတ်ကားသည် ရုံတင်ပြီး သီတင်းတစ်ပတ်ကြာချိန် ဒီဇင်ဘာ ၂၂ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၆၀၀ ကျော်ထိရရှိထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

Avatar: The Way of Water ဇာတ်ကား၏ ပြည်တွင်းဝင်ငွေသည် ဒီဇင်ဘာ ၂၂ ရက်တွင် အမေရိကန်ဒေါ်လာ ၁၈၃ သန်းထိ ရရှိခဲ့ပြီး နိုင်ငံတကာဈေးကွက်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၂၆ ဒသမ ၈ သန်းထိ ရရှိခဲ့သည်။

ထို့ပြင် အဆိုပါဇာတ်ကားသည် နိုင်ငံတကာရုပ်ရှင်ဈေးကွက်တွင်လည်း ဦးဆောင်လျက်ရှိရာ တရုတ်ရုပ်ရှင်ဈေးကွက်တစ်ခုတည်းမှာပင် အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၅ သန်းထိ ရရှိခဲ့သည်။

၂၀ ရာစုရုပ်ရှင်စတူဒီယိုသည် လက်ရှိတွင် Avatar: The Way of Water ဇာတ်ကားကို ကမ္ဘာတစ်ဝန်းရုပ်ရှင်ဈေးကွက် ၅၀ တို့၌ ရုံတင်ပြသနေခြင်းဖြစ်သည်။

Avatar: The Way of Water ဇာတ်ကားသည် Avatar (2009) ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး မူလ Avatar ဒါရိုက်တာ ဂျိမ်းကင်မရွန်ကပင် ရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO



# သရုပ်ဆောင် နေဆန်းမိသားစုက တောင်ဥက္ကလာပမြို့နယ်တွင် လူဦးရေ ၂၀၀ ကို အာဟာရဒါန ထမင်းဘူးများ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၅**

သရုပ်ဆောင် နေဆန်းမိသားစုက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်တွင် လူဦးရေ ၂၀၀ ကို အာဟာရဒါနပုဗ္ဗန်ဟင်းနှင့် ထမင်းဘူးများ လှူဒါန်းခြင်းကို ဒီဇင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအလှူကို မိခင်ကြီး ဒေါ်မေမေအုံး တစ်နှစ်နှင့် ငါးလပြည့်အလှူအဖြစ် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ပဒေသာရပ်ကွက်ရှိ လူဦးရေ ၂၀၀ ကို နေ့လယ်စာအဖြစ် ပုဗ္ဗန်ဟင်းနှင့် ထမင်းဘူးများ ဝေငှလှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကွယ်လွန်သူမိခင်ကြီး ဒေါ်မေမေအုံး တစ်နှစ်နဲ့ငါးလပြည့်အတွက် ရည်စူးအလှူအနေနဲ့ နေအိမ်ကို နေ့ဆွမ်း ဆွမ်းတန်းဆွမ်းခံကြွနေတဲ့ သံဃာတော်အပါး ၃၀ ကို ဆွမ်းထမင်းနဲ့ ပုဗ္ဗန်အစပ်ကြော်၊ ဂေါ်ဖီကြော်ဟင်းတွေအပြင် ဘီစကွတ်နဲ့ ကော်ဖီမစ်တွေ လောင်းလှူခဲ့ပါတယ်။ ရပ်ကွက်အတွင်းက လူဦးရေ ၂၀၀ ကိုလဲ နေ့လယ်စာအတွက် ထမင်းဘူး ၂၀၀ လှူဒါန်းခဲ့ပါတယ်။ အလှူအတွက် ကုန်ကျငွေကတော့ ငွေကျပ် ငါးသိန်းလောက်ဖြစ်ပါတယ်"ဟု သရုပ်ဆောင် နေဆန်းက ပြောပြသည်။



သရုပ်ဆောင် နေဆန်းမိသားစုသည် ကိုဗစ်ကာလမှစတင်ကာ တောင်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရပ်ကွက်တချို့တွင် ဝင်ငွေနည်းအခက်အခဲရှိ မိသားစုများကို ထမင်းနှင့်ဟင်းများ လှူဒါန်းခြင်းကို လစဉ်နီးပါး ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ASH

# Twister ဇာတ်ကား ၂၀၂၃ ခုနှစ် ဇူလိုင် ၉ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထား

**နယူးယောက် ဒီဇင်ဘာ ၂၅**


Twister အမည်ရှိ သဘာဝကပ်ဘေးနောက်ခံ အက်ရှင်ရုပ်ရှင်ဇာတ်ကားကို ၂၀၂၃ ခုနှစ် ဇူလိုင် ၉ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

Twister ဇာတ်ကားကို ဒါရိုက်တာ လီအိုင်းဆက်ချောင်က တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ပြီး Twister ဇာတ်ကားကို ရိုက်ကူးရေးအတွက် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီနှင့် ဒါရိုက်တာ လီအိုင်းဆက်ချောင်တို့သည် ပြီးခဲ့သည့် သီတင်းပတ်ကပင် သဘောတူညီချက်တစ်ရပ်ရရှိထားပြီးဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မာ့အယ်စမစ်က တာဝန်ယူရေးသားပေးမည်ဖြစ်ကြောင်း၊ Twister ဇာတ်ကားသည် ကမ္ဘာကျော် သဘာဝကပ်ဘေး အက်ရှင်ဇာတ်ကားဖြစ်သော Twister(1996) ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ လီအိုင်းဆက်ချောင်သည် Minari ဇာတ်ကားဖြင့် ၂၀၂၂ ခုနှစ် အော်စကာဆုပေးပွဲ၏ အကောင်းဆုံးဒါရိုက်တာဆု ဆန်ခါတင် ၁၀ ဦး၌ ပါဝင်ခဲ့သူဖြစ်ကြောင်း သိရသည်။

KKO




# လန်ဒန်ရုပ်ရှင်ဝေဖန်ရေးဆရာများအသင်း၏ အကောင်းဆုံးဇာတ်ကားဆုဆန်ခါတင်စာရင်း ထွက်ပေါ်

**လန်ဒန် ဒီဇင်ဘာ ၂၅**

၄၃ ကြိမ်မြောက် လန်ဒန်ရုပ်ရှင်ဝေဖန်ရေးဆရာများအသင်း ရုပ်ရှင်ဆုပေးပွဲအတွက် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု ဆန်ခါတင်စာရင်းဝင် ဇာတ်ကားများစာရင်းထွက်ပေါ်လာပြီဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။



လန်ဒန်ရုပ်ရှင်ဝေဖန်ရေးဆရာများအသင်း၏ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု ဆန်ခါတင်စာရင်းတွင် Top Gun: Maverick၊ The Fabelmans After Sun အပါအဝင် ရုပ်ရှင်ဇာတ်ကား ၁၀ ကားပါဝင်သည်။

ထို့ပြင် မင်းသမီး ကိတ်ဘလန်းချက်၏ TAR ဇာတ်ကားနှင့် All the Beauty and the Bloodshed၊ Living နှင့် Saint Omer ဇာတ်ကားများလည်း ပါဝင်လျက်ရှိကြောင်း သိရသည်။

လန်ဒန်ရုပ်ရှင်ဝေဖန်ရေးဆရာများအသင်းသည် ယခုနှစ်အတွက် အကောင်းဆုံး နိုင်ငံခြားဘာသာစကားပြော ရုပ်ရှင်ဇာတ်ကားဆုအတွက် ဆန်ခါတင်စာရင်းကိုလည်း ထုတ်ပြန်ထားသည်။

အဆိုပါဆန်ခါတင်စာရင်းတွင် Decision to Leave (ကိုရီးယား)၊ RRR (တမီလ်)၊ Saint Omer (ပြင်သစ်) စသည့်ဇာတ်ကားများ ပါဝင်ကြောင်း သိရသည်။ KKO

# Over 87 miles of roads and over 200 bridges built in rural areas during November



A newly built rural road.

**Nay Pyi Taw December 25**

More than 87 miles of rural production roads and over 200 rural production bridges have been built in November and will continue to be implemented, according to reports from the Department of Cooperatives and Rural Development.

In order to do so, the department has committed to build 370 miles and 6 furlongs of rural production roads and 687 rural production bridges last November.

By the end of November, 87 miles and 2 furlongs of rural production roads have been completed, 261 miles and 2 furlongs are still under construction, and 21 miles and 6 furlongs remain to be built.

Also, during November, the department has committed to build up to 687 rural production bridges. By the end of November, 208 rural production bridges have been completed, 403 are still in progress, and 76 remain to be continued.

The remaining rural production roads and bridges will continue to be implemented. 336

# Smart city project tasks to be implemented in Bago Region

**Bago December 25**

A smart city project will be implemented in Bago Region, according to sources released by the region government on 22 December.

The project is to be implemented in the townships of Pyay, Thayawady, Nyaunglaybin and Natalin in Bago Region.

As part of their projects, there will be one task in Pyay, two tasks in Thayawady, three tasks in Nyaunglaybin and four tasks in Natalin.

Those projects are financed by the Bago Region capital funds and legitimately registered companies will be invited for sealed tenders. Therefore, Myanmar nationals-owned companies may purchase tender proposals at the government office as of 26 December.

Applications are to be submitted as respective closing dates— until 10 January 2023 for one task and until 3 January for two to four tasks.

For detailed information, dial 052-2201842. Such smart city projects kicked off in Bago Region with Korean assistance on lists of priority in 2017.

As Bago Region tends to become a commercial hub like Yangon, measures are being taken to reduce traffic congestion. CCTVs have been installed in many parts of Bago including the entrance to Yangon. Those CCTVs will be controlled by the control centre.

336




Photo shows the entrance to Nyaunglaybin town.

# Plan to conduct money laundering, financial to terrorism course No 3 on 1 January

**Yangon December 25**

The Yangon Region Gold Entrepreneurs Association issued a press release, saying that the money laundering, financial to terrorism course No 3 will be conducted as of 1 January 2023.

It will be opened at the training hall at No 42/50 on the first floor of of the association on the lower block of Shwebontha Street in Yangon. Training hours will be from 9 am to 3 pm.

According to the directive 2.2022 of the Anti-Money Laundering Steering Committee of the Ministry of Home Affairs, only when the businesspersons have received the certificate of the training course, will they get the licence on precious mineral trading.

Hence, businesspersons of all goldsmiths need to attend the course without fail, according to the region association.

The course will be free of charge for the trainees.

Moreover, the region association will conduct the 22nd gold course free of charge from 2 to 10 January 2023 at its office in Pabedan Township of Yangon Region. Training hour will be 8 am to 10 am.

The course will comprise gold mining, gold refining, gold training, opening of goldsmith, lending money by a mortgage, gems science, applied gold mathematics and opening of gold shop.

Those wishing to attend the course need to fill the application attached to three photos. For further information, dial 09-450049282 and 09-251992727.

336

# Canada coach crash leaves more than 50 injured

**Ottawa December 25**

More than 50 people have been injured in an intercity coach crash in the province of British Columbia, Canada.

It happened near the town of Merritt, where temperatures dropped to -3.9C on Saturday.

British Columbia's Interior Health authority has issued a Code Orange, meaning services are responding to a disaster or mass casualties.

It is not known what caused the crash, which happened about 160 miles (260km) from the provincial capital, Victoria.

Fifty-three people were taken to hospital following the incident. Their conditions have not been disclosed by the local health authorities.

Premier David Eby said he was "shocked and saddened" to hear of the "serious" incident.

He added: "Our thoughts are with those impacted by the crash, their loved ones, and the first responders and health-care workers giving their all to treat people and keep them safe."

A special weather statement issued at 16:24 (12:24 GMT) on Saturday warned of "challenging" travel conditions on the Okanagan Connector due to heavy snow, ice pellets and freezing rain. BBC

# Foreign aid groups halt work after Taliban ban on female staff

**Kabul December 25**

Three major non-governmental organisations (NGOs) have halted work in Afghanistan after women were banned from working for them by the Taliban.

In a joint statement, Care International, the Norwegian Refugee Council (NRC) and Save the Children said they would be unable to continue their work "without our female staff".

The aid groups are "demanding" that women can continue to work for them.

Afghanistan's ruling Taliban have been steadily repressing women's rights.

The latest edict on NGOs came just days after the Taliban banned women from attending university.

Abdel Rahman Habib, spokesman for the Taliban's ministry of economy, claimed female workers at the foreign aid groups had broken dress codes by not wearing hijabs.

The Taliban threatened to cancel the licence of any organisation that did not swiftly comply with the ban.

The leaders of Care, the NRC and Save the Children said the organisations "would not have jointly reached millions of Afghans in need since August 2021" were it not for their female staff.

"Whilst we gain clarity on this announcement, we are suspending our programmes, demanding that men and women can equally continue our lifesaving assistance in Afghanistan," their statement added. BBC



The aid groups say the ban on female staff is a direct threat to their lifesaving work.

# Malikha sandbank on Nawngtalaw mid-streamed island crowded with picnickers in Waingmaw Township


Visitors seen on Malikha sandbank on Nawngtalaw mid-streamed island in Waingmaw Township.

**Waingmaw December 25**

The small beach of Malikha sandbank on Nawngtalaw mid-streamed island is crowded with travellers who take relaxation, in Waingmaw Township of Kachin State, said central executive U M Gam Aung of Kachin State Travel Association.

The beach admits traditional food stalls of Kachin ethnics, relaxation bungalows and restaurants for travellers. Moreover, travellers can enjoy sandbank futsal event, Sepak Takraw event and volleyball event in addition, amateur golf and archery tourneys.

"The small beach was allowed as a resort on 18 December 2022. As travellers have been taking relaxation on the beach since 2015, it has been gradually booming with sellers and sport facilities. Now, the state government and state travel association jointly manage the happy relaxation for travellers. A Manaw ground was constructed for relaxation of travellers on the sandbank. Moreover, traditional foodstuffs are arranged for those who participate in Manaw dances," said U M Gam Aung.

The resort is open from 8 am to 6 pm on a daily basis without holidays. Boats from Myitkyina give transport services to the travellers leading to the beach. On weekdays, some 200 travellers pay visits to the small beach.

ASH

# Plan to disburse loans for pre-monsoon long staple cotton to farmers in 2023

**Mandalay December 25**

Mandalay Region's Myanmar Agricultural Development Bank Branch stated that it will disburse agricultural loans to farmers engaging in cultivation of pre-monsoon long staple cotton plantations in townships of Mandalay Region in 2023.

The bank branch will cooperate with partner departments for disbursement of loans to farmers from various townships of long staple cotton plantations in 2023.

The bank will issue K150,000 per acre of cotton to farmers, said Mandalay Region Manager of the bank U Soe Ko Ko Win.

"The bank prepares to deliver loans to farmers of cotton plantations in townships from January to March in coming year. At present, number of those farmers is being collected. The bank has informed the township offices of disbursement. The loan will contribute to increasing per-acre yield of long staple cotton. Interest rate will be five per cent of K100 for each year," he added.

The disbursement of loan is inclusive of all farmers engaging in cultivation of pre-monsoon, monsoon and late-monsoon long staple cotton plantations.

Cultivation of cotton strains is sure to meet the demand of cotton ginning factories.

185


A long staple cotton plantation.

# More than US$1.5 billion of foreign investment flow into Myanmar from April to November 2022

**Yangon December 25**

More than US$1.5 billion of foreign investment flowed into Myanmar during the period from April to November 2022 of the 2022-23 fiscal year, according to the Directorate of Investment and Company Administration.

During the eight-month period of 2022, the Myanmar Investment Commission approved 58 businesses of foreign investments worth more than US$1.5 million, said director U Lay Naing of the DICA.

"The largest amount of foreign investment entered the energy sector, amounting to more than US$817 million, followed by more than US$413 million to the service sector and some US$185 million to the manufacturing sector," said the director.

A total of 52 countries put investments in Myanmar with US$25.8 billion of foreign investment by Singapore, followed by China, Thailand, Hong Kong and UK at the second position.

This fiscal year, Singapore put its investment in 14 businesses worth US$1.54 billion, and China invested more than US$90 million in 22 businesses in Myanmar.

ASH

# Export of garment products earns US$3.7 billion from April to November 2022

**Nay Pyi Taw December 25**

Export of garment products through CMP system earned US$3.7 billion from April to November 2022 of the 2022-23 fiscal year, said Daw Khaing Zarchi Win, central executive of Myanmar Garment Entrepreneurs Association.

During the period, export of garment products among 10 main export items of Myanmar is on the rise monthly.

"Myanmar has pocketed US$3.707 billion in export of garment products to foreign market during the aforesaid period. In this regard, the export of garment products secured US$185 million in April, $384 million in May, more than $610 million in June, $636 million in July, more than $662 million in August, $500 million in September, $364 million in October and $366 million in November," she added.

Myanmar primarily exports garment products to EU member countries, Japan, Korea, US and China. More than 700 garment factories are being operated in Yangon Region.

CMP garment products are included in the finished industrial goods sector of the country. During the period from 1 April to 2 December this year, Myanmar has earned US$7.66 billion from the finished industrial goods.

ASH

# Export of agricultural produce earns more than US$2.470 billion from 1 April to 9 December 2022-23

**Nay Pyi Taw December 25**

Export of agricultural produce has secured more than K2.47 billion during the period from 1 April to 9 December 2022 of the 2022-23 fiscal year, said deputy director U Htet Aung Win of the Trade Development Branch of the Myanmar Trade Promotion Organization under the Ministry of Commerce.

The Myanmar's agricultural sector faced a great loss in the Covid-19 outbreak in 2020 and 2021. But, the sector revitalized its production in 2022 with larger export volume, earning incomes more than the past same period.

"According to the latest trade statistics, export of agricultural produce pocketed US$2,470 million from 1 April to 9 December 2022, compared with US$2,393 million earned in the same period of previous year, exceeding more than US$77 million. Moreover, this year's export of rice, broken rice and beans' export volume is larger than the corresponding period of last year," he added.

The item list of agricultural produce comprises rice, broken rice, pulses and beans, maize, rubber and horticultural produce. These produce items are exported to Thailand, China, India and Bangladesh through border lands and South Korea, Japan, Russia and EU member countries in shipping.

ASH

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဩစတြီးယားနိုင်ငံက အီတလီထုတ် AW169M အပေါ့စားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်ပထမတစ်စီး လက်ခံရရှိခဲ့



ဩစတြီးယားကာကွယ်ရေးဝန်ကြီးဌာနက ပထမဆုံး AW169M အပေါ့စား သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်ကို အီတလီနိုင်ငံကာကွယ်ရေးကုမ္ပဏီ လီယိုနာဒိုထံမှ လွှဲပြောင်းလက်ခံရရှိခဲ့သည်။

အဆိုပါရဟတ်ယာဉ်သည် ၂၀၂၀ ခုနှစ်အတွင်းက အီတလီ-ဩစတြီးယားနိုင်ငံတို့ အစိုးရနှစ်ရပ်ကြား သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဝယ်ယူခဲ့ကြသည့်ရဟတ်ယာဉ် ၁၈ စီးထဲမှ ပထမဆုံး လေယာဉ်ဖြစ်သည်။

ဩစတြီးယားနိုင်ငံက ပံ့ပိုးပို့ဆောင်ရေးဆိုင်ရာပြဿနာများကြောင့် 429 Global Ranger နှင့် H145M အင်ဂျင်နှစ်လုံးတပ်ရဟတ်ယာဉ်များထဲမှ AW169M ကို ရွေးချယ်ခဲ့ခြင်းလည်းဖြစ်သည်။

ရဟတ်ယာဉ်အသစ်များ ဝယ်ယူဖြည့်တင်းနိုင်ခဲ့ခြင်းကြောင့် သက်တမ်းရင့် Alouette III အပေါ့စားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်များကို နောက်နှစ်တွင် တပ်တော်ဝင် ရပ်ဆိုင်းထားတော့မည်ဖြစ်သည်။

"ဒီပရိုဂရမ်ရဲ့ ဖွံ့ဖြိုးတိုးတက်အကောင်အထည်ဖော်နေမှု အချိန်ဇယားနဲ့အညီ ပထမဆုံးရဟတ်ယာဉ်တစ်စီးကို လွှဲပြောင်းပေးအပ်နိုင်ခဲ့တာဟာ ပါဝင်ပတ်သက်သူအားလုံးကြား အံ့ဩစရာကောင်းတဲ့ပူးပေါင်းဆောင်ရွက်မှုရဲ့ ရလဒ်ဖြစ်ပါတယ်"ဟု လီယိုနာဒို၏ မန်နေးဂျင်းဒါရိုက်တာ Gian Piero Cutillo က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၂၀ ရက် ရဟတ်ယာဉ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားအတွင်း ဩစတြီးယားကာကွယ်ရေးဝန်ကြီးဌာနက AW169M ရဟတ်ယာဉ်စုစုပေါင်း ၁၈ စီး ဝယ်ယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

လီယိုနာဒို၏ အမှုဆောင်အရာရှိချုပ် Alessandro Profumo က ရဟတ်ယာဉ်အုပ်ကို ထပ်မံတိုးချဲ့ဖွဲ့စည်းရန် ဆုံးဖြတ်ချက်သည် နည်းပညာအမြင့်မားဆုံးနှင့် ကုန်ကျစရိတ်သက်သာသော ဖြေရှင်းချက်နည်းလမ်းကို ရွေးချယ်အသုံးပြုနိုင်ခဲ့ပြီး မိမိတို့အနေဖြင့် အရေးကြီးသောစီမံကိန်း ရေရှည်တိုးတက်ဖွံ့ဖြိုးမှုအတွက် ကတိကဝတ်ပြုကြောင်း ပြောကြားသွားခဲ့သည်။

**Austria Receives First Italian-Made AW169M Light Utility Helicopter ကို ဘာသာပြန်ဆိုထားပါသည်။**

## တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုအမျိုးအစား ၂၀ ခန့် ပြုလုပ်မည်

ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများမြင့်တက်နေချိန် တောင်ကိုရီးယားနှင့်အမေရိကန်စစ်ဘက်တို့သည် လာမည့်နှစ် ပထမနှစ်ဝက်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုအမျိုးအစား ၂၀ ခန့်ကို ၂၀၂၃ ခုနှစ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံက ဒီဇင်ဘာ ၂၂ ရက်တွင် ကြေညာခဲ့သည်။

တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက နိုင်ငံ၏ပူးတွဲစစ်ဦးစီးချုပ်များနှင့် ကာကွယ်ရေးဝန်ကြီး လီဂျုံဆပ်တို့ နှစ်ပတ်လည်တွေ့ဆုံမှုအပြီးတွင် အဆိုပါကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လက်တွေ့စစ်မြေပြင် ပေါင်းစပ်လေ့ကျင့်မှုအမျိုးအစားများနှင့် ပမာဏတိုးမြှင့်လုပ်ဆောင်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထိုစစ်ရေးလေ့ကျင့်မှုများအတွင်း နှစ်ဖက်စလုံးသည် မြောက်ကိုရီးယားနိုင်ငံ နျူကလီးယားနှင့် ဒုံးကျည်ခြိမ်းခြောက်မှုများကို ကြီးထွားလာသည့် အနေအထားတစ်ရပ်ဖြင့် လက်တွေ့ကျသောလေ့ကျင့်ရေးအစီအစဉ်များကို ဖန်တီး၍ အာရုံစိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် မဟာမိတ်နိုင်ငံကို ခုခံကာကွယ်ရန် အမေရိကန်၏ ကတိကဝတ်ပြုမှုအပေါ် အခြေခံ၍ မြောက်ကိုရီးယားမှ နျူကလီးယားခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ထားကြောင်း လီက ပြောကြားခဲ့သည်။ သမားရိုးကျလက်နက်များပါဝင်သည့် ပဋိပက္ခဖြစ်နိုင်ခြေနှင့်ပတ်သက်၍ တောင်ကိုရီးယားစစ်ဘက်သည် မြောက်ကိုရီးယား၏ မည်သည့်ရန်စမှုမျိုးကိုမဆို ပြတ်ပြတ်သားသားတုံ့ပြန်နိုင်မည်။ မည်သည့်တိုက်ပွဲတွင်မဆို သေချာပေါက်အောင်ပွဲရရှိနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးက အခိုင်အမာပြောကြားခဲ့သည်။



တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် ၂၀၂၃ ခုနှစ်တွင် ခြောက်နှစ်အတွင်း ပထမဆုံး ပူးတွဲစစ်ရေးလေ့ကျင့်မှုအမျိုးအစား ၂၀ ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၂ ရက်တွင် တောင်ကိုရီးယားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုသည် လာမည့်နှစ်တွင် တောင်ကိုရီးယားနှင့် အမေရိကန်တို့ကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှု နှစ် ၇၀ ပြည့် အထိမ်းအမှတ်အဖြစ် ပြုလုပ်သည့်နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့စစ်ဘက်တည်ရှိမှုနှင့် မြောက်ကိုရီးယားအပေါ် မဟာမိတ်တို့၏ လွှမ်းမိုးဟန့်တားနိုင်မှုကို ပြသနိုင်လိမ့်မည်ဟု တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Jeon Ha-Gyu က မှတ်ချက်ချခဲ့သည်။

**South Korea and US to increase number of joint military drills ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းသို့ လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များနှင့် အခြားလက်နက်များ ထပ်မံပေးပို့သွားမည်ဟု ပြင်သစ်သမ္မတပြော

ပြင်သစ်နိုင်ငံသည် ယူကရိန်းသို့ လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များနှင့် အခြားလက်နက်များ ထပ်မံပေးပို့ထားပြီး လာမည့်နှစ်အစောပိုင်းတွင် ထပ်မံပေးပို့သွားမည်ဟု ပြင်သစ်သမ္မတ Emmanuel Macron က ဒီဇင်ဘာ ၂၀ ရက်တွင်ထုတ်လွှင့်သော အင်တာဗျူးတစ်ခု၌ ပြောကြားခဲ့သည်။




ပြင်သစ်နိုင်ငံသည် ယူကရိန်းနိုင်ငံသို့ မကြာသေးမီရက်များအတွင်း လက်နက်များ၊ ဒုံးပစ်လောင်ချာများ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ခွဲများကို ပေးပို့ခဲ့ပြီး မိမိတို့လုပ်ဆောင်နိုင်သည်ထက် ကျော်လွန်နေသည်ဟု Emmanuel Macron က ပြင်သစ်နိုင်ငံ TF1 နှင့် LCI ရုပ်မြင်သံကြားသို့ ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၀ ရက်က ဒေသဆိုင်ရာထိပ်သီးအစည်းအဝေးအတွက် ဂျော်ဒန်နိုင်ငံကို မသွားရောက်မီတစ်ရက်အလိုတွင် ပြင်သစ်လေယာဉ်တင်သင်္ဘော Charles De Gaulle ပေါ်၌ ပြောကြားခဲ့ခြင်းလည်းဖြစ်သည်။

"ယူကရိန်းနိုင်ငံသားတွေ ဖုံးကြဲတိုက်ခိုက်မှုတွေကို ခုခံကာကွယ်နိုင်စေဖို့ အသုံးဝင်မဲ့ လက်နက်ခဲယမ်းမီးကျောက်တွေကို ၂၀၂၃ ခုနှစ် ပထမလေးလပတ်အတွင်းမှာ ထပ်မံပေးပို့နိုင်ဖို့ လက်နက်ကိုင်တပ်ဖွဲ့ဝန်ကြီး Sebastien Lecornu နဲ့လဲ ညှိနှိုင်းလုပ်ဆောင်နေပါတယ်"ဟု Emmanuel Macron က ပြောကြားခဲ့သည်။

စီစဉ်ထားသော တင်ပို့ရောင်းချမှုတွင် Caesar ယာဉ်တင်အမြောက်စနစ်အသစ်များပါဝင်သော်လည်း တိကျသောကိန်းဂဏန်းများကို မဖော်ပြပေ။ ပြင်သစ်မှ ဆီဇာအမြောက်သေနတ်များ (Caesar guns)ကိုဝယ်ယူရန် မှာယူထားသည့် ဒိန်းမတ်နိုင်ငံနှင့် ဆက်လက်ဆွေးနွေးမှုများ၏ ရလဒ်အပေါ်တွင် အရေအတွက်သည် မူတည်လိမ့်မည်ဖြစ်ပြီး အနည်းဆုံး ၎င်းတို့ထဲမှအချို့ကို ယူကရိန်းသို့ပို့ဆောင်ရန် သဘောတူနိုင်သည်ဟု ပြင်သစ်သမ္မတ Emmanuel Macron က ပြောကြားခဲ့သည်။

ယခုနှစ် ဖေဖော်ဝါရီလတွင် ပြင်သစ်သည် ကီလိုမီတာ ၄၀ (၂၅ မိုင်ကျော်) ပစ်ခတ်တိုက်ခိုက်နိုင်သော ခြောက်ဘီးတပ်ထရပ်ကားကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားသော ၁၅၅ မီလီမီတာ ဟောင်ဝစ်ဇာအမြောက်များကို ယူကရိန်းနိုင်ငံသို့ ပေးပို့ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံသည် တင့်ဖျက်ဒုံးကျည်များနှင့် လေယာဉ်ပစ်ဒုံးကျည်များအပြင် သံချပ်ကာ လူသယ်ယာဉ်များကိုလည်း ပေးပို့ထားပြီးဖြစ်သည်။ ပဋိပက္ခအဆုံးသတ်နိုင်ရေး ညှိနှိုင်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ရုရှားနိုင်ငံသည် လုံခြုံရေးအာမခံချက်များ လိုအပ်မည်ဖြစ်ကြောင်း၊ ရုရှားနှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာစည်းမျဉ်းများကို နိုင်ငံအတွက် ကျောထောက်နောက်ခံပြုထားသော အနောက်နိုင်ငံများက သတ်မှတ်ရမည်မဟုတ်ဘဲ ယူကရိန်းကသာလျှင် သတ်မှတ်သင့်ကြောင်း ပြင်သစ်သမ္မတ Emmanuel Macron က သုံးသပ်ပြောကြားသွားခဲ့သည်။

**France Sends Air Defense Missiles to Ukraine: Macron ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၅၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဒီဇင်ဘာ ၂၅**

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ဆောင်းနေကြာသီးနှံဧက ၅၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ဆောင်းနေကြာသီးနှံ ၆၅၂၃၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၀၂၃၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"စစ်ကိုင်းခရိုင်မှာ ဆီထွက်သီးနှံနေကြာကို ဆောင်းရာသီမှာပဲ အဓိကထားစိုက်ပျိုးကြတာပါ။ ဒီနှစ် ဆောင်းရာသီမှာဆိုရင် ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးနေပါတယ်။ ပြည်ပကနေ စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးနေတာပါ။ ဆီထွက်သီးနှံနေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံနေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၀၅၆၂ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၁၆၆၉၀၊ မြောင်မြို့နယ်တွင် ၁၂၉၈၇ ဧက စုစုပေါင်း ၅၀၂၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဆောင်းနေကြာလျာထားဧကအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၃၄၃၈၈ ဧက၊ မြင်းမူမြို့နယ်တွင် ၁၇၉၇၄ ဧက၊ မြောင်မြို့နယ်တွင် ၁၂၈၇၇ ဧက စုစုပေါင်း ၆၅၂၃၉ ဧကစိုက်ပျိုးရန် လျာထားကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အချိန်မှီဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မှီဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ကျေးရွာအုပ်စု ကင်မွန်းတောင်ကျေးရွာ၌ (VDP)စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် (VDP) စီမံကိန်းတာဝန်ခံများက ကင်မွန်းတောင်ကျေးရွာတွင် အရှည် ၅၀၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။



အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် တစ်သန်း စုစုပေါင်းငွေကျပ် ၁၁ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် စက်တင်ဘာတတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများပြီးစီးမှုကြောင့် ကင်မွန်းတောင်ကျေးရွာရှိ အိမ်ခြေ ၁၃၁ အိမ် လူဦးရေ ၆၈၅ ဦးတို့ ရာသီမရွေးသွားလာရလွယ်ကူလာမည်ဖြစ်ပြီး ကျန်းမာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင်လည်း အကျိုးပြုစေမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

# သနပ်ပင်မြို့နယ်၌ RBF စီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအစုအဖွဲ့များဖွဲ့စည်းခြင်း ပြုလုပ်

**သနပ်ပင် ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Smart Village စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဖရဲစိပြင်ကျေးရွာ၌ ကျေးလက်စီးပွားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ကျေးလက်စီးပွားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက လိုအပ်သောငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် အဆိုပါစီမံကိန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်ဆောင်ရွက်သူများအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ကိုင်သူများ ပိုမိုအားကောင်း၍ ဖွံ့ဖြိုးလာပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုဖွဲ့စနစ်ဆောင်ရွက်ခြင်းဖြင့် ကျေးလက် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားပြီး လုပ်ငန်းဆောင်ရွက်မည့် အစုအဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် ၁၅ ဦးစီဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဖရဲစိပြင်ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**သုတ**





## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၅-၁၂-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၈၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၀၅ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ရေဆိပ်ဝန်ထမ်းများသည်လည်း ရေကြောင်းမှ တရားဝင် ဝင်ထွက်သွားလာမှုအဆင်ပြေစေရေးနှင့် တရားမဝင် ဝင်ထွက်မှုမရှိစေရေး တာဝန်ယူဆောင်ရွက်ရသည့် နိုင်ငံ၏တံခါးမှူးများဖြစ်





**နေပြည်တော် ဒီဇင်ဘာ ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်းသို့ရောက်ရှိပြီး ရန်ကုန်မြို့သို့ ရေကြောင်းမှ ဝင်ရောက်လာသည့် ပင်လယ်ကူးသင်္ဘောများ ကျောက်ချရပ်နားသည့်နေရာ၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသည့် ဝန်ကြီးဌာန၏ ဇင်ယော် ၁၊ ၂၊ ၃ ရေယာဉ်သုံးစီးကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရေယာဉ်ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေယာဉ်များကြံ့ခိုင်ကောင်းမွန်ရေး အလေးထားဆောင်ရွက်ရန်၊ ရေယာဉ်များ လုံခြုံမှုရှိစေရေးအတွက် နေ့ညမပြတ် အလှည့်ကျတာဝန်ချထားရန် မှာကြားပြီး ဇင်ယော်ရေယာဉ်စက်ခန်းအခြေအနေနှင့် ရေယာဉ်တက်မခန်းအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ရေယာဉ်ဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဒေးရှားဝေါလ်ဆိပ်ကမ်းသို့ရောက်ရှိရာ ဆိပ်ကမ်းရှင်းလင်းဆောင်၌ ဆိပ်ကမ်းများကြီးကြပ်ရေးဌာနခွဲ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဘုန်းက ဆိပ်ကမ်းများကြီးကြပ်ရေးဌာနခွဲ ဒုတိယဌာနခွဲမှူးရုံးရှိ ဝန်ထမ်းအင်အား၊ သီလဝါ၊ ရန်ကုန်နှင့် သန်လျင်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောများ ဝင်ထွက်သွားလာမှုနှင့် အဆိုပါသင်္ဘောများ၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်အဆင့်အလိုက် စစ်ဆေးဆောင်ရွက်မှု၊ ကမ်းလွန်ပင်လယ်ပြင်ရှိ ရေနံတူးစင်များသို့ဝင်ထွက်သည့် သင်္ဘောများကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်မှု၊ ဇင်ယော်ရေယာဉ်များ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် ပြုပြင်ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနမှ လေဆိပ်ဝန်ထမ်းများသည် လေကြောင်းလိုင်းမှ ဝင်ထွက်သွားလာမှုများကို တာဝန်ယူဆောင်ရွက်ရသကဲ့သို့ ရေဆိပ်ဝန်ထမ်းများသည်လည်း ရေကြောင်းမှ တရားဝင် ဝင်ထွက်သွားလာမှုအဆင်ပြေစေရေးနှင့် တရားမဝင် ဝင်ထွက်မှုမရှိစေရေး တာဝန်ယူဆောင်ရွက်ရသည့် နိုင်ငံ၏ တံခါးမှူးများဖြစ်ပါကြောင်း၊ ပင်လယ်ဝမှ ရန်ကုန်မြစ်အတွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံတကာသင်္ဘောများပေါ်သို့ တက်ရောက်စစ်ဆေးဆောင်ရွက်သည့် ဝန်ထမ်းများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဝတ်စားဆင်ယင်မှုစနစ်တကျဖြစ်စေရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစစ်ဆေးဆောင်ရွက်ရန်နှင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဝန်ထမ်းများနှင့်ရေယာဉ်များ လုံခြုံရေးအတွက် အမြဲဂရုပြုဆောင်ရွက်ရန်နှင့် ထူးခြားဖြစ်စဉ်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)အဖွဲ့တို့က သွားရောက်ဂုဏ်ပြုဖျော်ဖြေ



**အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) ဖျော်ဖြေရေးအဖွဲ့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။**



**အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ ရွှေ့တန်းဖျော်ဖြေရေးအဖွဲ့၏ ဖျော်ဖြေမှု၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မိုခိုများနှင့် ရွှေ့တန်းရောက်စစ်သည်များက တပျော်တပါးပါဝင်ဆင်နွှဲနေစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၂၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာစွာဖြင့် နေ့မအားညမနားထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ မိသားစုများအပေါ် လွမ်းဆွတ်သတိရသည့်စိတ်များ ခေတ္တခဏမျှပြေပျောက်စေရန်နှင့် စိတ်ပျော်ရွှင်ကြည်နူးစေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေသီဆိုကပြလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြု သီဆိုကပြဖျော်ဖြေလျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေရှိ လွိုင်ကော်မြို့၊ ဘော်လခဲမြို့၊ ဖားဆောင်းမြို့နှင့် ဒီးမော့ဆိုမြို့နယ်တို့ရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် ဖျော်ဖြေကြရာ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ အချို့စစ်သည်များနှင့် မိသားစုများက လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွပါဝင်သီဆိုကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံများရိုက်ကြသည်။

ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် နယ်မြေခံတပ်များမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

☆ **ကျောဖုံးမှအဆက်**

များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးစဉ်ဒေသသစ်များကို ဖော်ထုတ်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက် အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးက ပြင်ဦးလွင် ကျေးလက်ဒေသ





စက်ဘီးစီးခရီးစဉ်နှင့်ပတ်သက်၍ ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

အဆိုပါအဖွဲ့သည် မန္တလေး-လားရှိုးလမ်းအတိုင်း တပျော်တပါးစီးနင်းလာကြရာ ပွဲကောက်ရေတံခွန်သို့ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ရင်းရင်းနှီးနှီးနှုတ်ဆက်စကားများ ပြောကြားပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပွဲကောက်ရွာ၊ ထိုမှ ဒီဇင်ဘာပန်းခြံသို့ဆက်လက်စီးနင်းကြရာ စက်ဘီးစီးခရီးစဉ်၌ စိုက်ခင်းများနှင့် ရှုခင်းနေရာများတွင် အမှတ်တရဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ကြပြီး တေးဂီတအဖွဲ့မှ အနုပညာရှင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများက တေးသီချင်းများ၊ ရိုးရာအတီးအမှုတ်နှင့် အကအလှများဖြင့် ကြိုဆိုကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒီဇင်ဘာပန်းခြံသို့ ဝင်ရောက်လာကြသည့် စက်ဘီးစီးသမားများကို ကြိုဆိုကာ တစ်ဦးချင်း ဂုဏ်ပြုလည်ဆွဲတံဆိပ်များနှင့် ပြည်တွင်းခရီးသွားလုပ်ငန်း ပြန်လည်မြှင့်တင်ရေးလှုပ်ရှားမှု ပြင်ဦးလွင်ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်တွင် ပူးပေါင်းပါဝင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကရုဏာကမ္ဘာဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား မြန်မာပြည်သိန်းတန်က တေးသီချင်းများဖြင့် ဖျော်ဖြေ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နိုင်ငံတော်နှင့် တပ်မတော်အတွက် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သား အငြိမ်းစား သက်ကြီးဘိုးဘွားများနားခိုရာ နေပြည်တော် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာရှိ ဘိုးဘွားများကို ယနေ့မွန်းလွဲ ၁နာရီတွင် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်က ဘိုးဘွားရိပ်သာခန်းမ၌ တစ်ကိုယ်တော် လာရောက်ဖျော်ဖြေရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများ၊ ဘိုးဘွားများနှင့် ဝန်ထမ်းမိသားစုများ ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် မြန်မာပြည်သိန်းတန် တစ်ကိုယ်တော်ဖျော်ဖြေရာ ရတနာပုံ၊ အောင်စေ တည်စေ ညီစေ၊ လွတ်လပ်ရေးတေးသံ၊ စနေထောင့်မှာ ပန်းလှူမယ်၊ နှင်းပွင့်သစ္စာ၊ တောင်ပြာတန်းကမောင့်ချစ်သူ၊ ရွှေသုန္ဒရီ၊ အန်ကယ် နီး၊ ရွှေရုပ်ကလေး ကောက်ရသလို၊ စုံတောမြိုင်၊ ခွင့်လွှတ်ပေးဖို့တောင်းပန်ချင်၊ ယောသူတို့ရွာ၊ မြစ်ဆုံကို လွမ်းစိတ်မပြေ၊ လူလိမ္မာ၊ တစ်ပါးသူမနမ်းစေချင် စသည့်နာမည်ကြီး တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်နှင့် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာမှ ဘိုးဘွားများ အမှတ်တရဓာတ်ပုံရိုက်ကြပြီး ဘိုးဘွားရိပ်သာကြီးကြပ်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူက မြန်မာပြည်သိန်းတန်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)များကို အပိုကိုင်ဆောင်ခြင်းများရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀-၉-၂၀၂၂ ရက်တွင် နေ့စဉ်ထုတ်သတင်းစာနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့၌ထုတ်လွှင့်ဖော်ပြအသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၀-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူ ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေ ပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့်သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၀-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ၉-၁၀-၂၀၂၂ ရက်မှစ၍ နေ့စဉ်ထုတ်သတင်းစာများနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့တွင် ထပ်မံအသိပေးထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ ယခုအခါ လာရောက်ဆောင်ရွက်ရမည့်ရက်သည် ၁၅-၁၀-၂၀၂၂ ရက်တွင် သတ်မှတ်ကာလပြည့်မြောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားကတ်အပိုကိုင်ဆောင်ပြီး လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသူများ၏ ယခင်ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်များကိုပယ်ဖျက်၍ နောက်ဆုံးထုတ်ယူခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များကို အတည်ပြုပြီးဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုထက်ပိုမိုကိုင်ဆောင်ထားသူများအနေဖြင့် ပယ်ဖျက်ပြီးဖြစ်သည့် ယခင်နိုင်ငံသားစိစစ်ရေးကတ်ကို နီးစပ်ရာမြို့နယ်လဝကရုံးသို့ အပ်နှံကြပါရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်ကိုင်ဆောင်အသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်၊ မမှန်စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက ၃၁-၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်၊မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT အတွက် *601#၊ Atom အတွက် *979*3*3#၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Applicationများနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# စစ်တွေမြို့ ကစ္ဆပနဒီရပ်ကွက်ရှိ ထိုင်တော်မူရန်ပြေမာန်ပြေဘုရားကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာပြုလုပ်



ဆရာတော်၊ သံဃာတော်များထံ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း နှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရခိုင်ပြည်နယ် စစ်တွေမြို့ ကစ္ဆပနဒီရပ်ကွက်ရှိ ထိုင်တော်မူ ရန်ပြေမာန်ပြေဘုရားကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုရားရင်ပြင်တော်၌ ကျင်းပပြုလုပ်ရာ ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ ဓမ္မသုခဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တသောမ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များကို အမှူးပြု၍ ရေပေါ်သိမ်၌ သိက္ခာထပ်မင်္ဂလာကို ကျင်းပပြုလုပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက သံဃာတော်များကို လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ရခိုင်မင်္ဂလာစည်တော်ဝိုင်းမှ စည်တော်ယွန်း၍ တီးခတ်ပူဇော်ကာ ရခိုင်တေးသံရှင်များက ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာ အလင်္ကာများနှင့် ရတုတို့ဖြင့် သီဆိုပူဇော်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဓမ္မသုခ ဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက ရန်ပြေမာန်ပြေထိုင်တော်မူဘုရားကြီးကို ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ကြကာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကျေးဇူးတော်ရှင် မဟာဇေယျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော် ဘဒ္ဒန္တကုလရက္ခိတက သံဃာတော်အရှင်သူမြတ်များသို့ သြဝါဒကထာ ချီးမြှင့်ပေးတော်မူပါရန် လျှောက်ထားသည်။ ၎င်းနောက် သံဃာတော်များကိုယ်စား ဓမ္မသုခ ဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်က သြဝါဒကထာ ချီးမြှင့်တော်မူပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဓမ္မသုခ ဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေး လုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး ကို အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ် လာစေရေး။

## ဒီဇင်ဘာ ၂၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိပြီး တစ်ဦးသေဆုံး

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၆၂၀ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၈၂၁၂ ဦး |

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၃၆၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦးတွေ့ရှိပြီး ယနေ့တွင် တစ်ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲတီစိမ်းဧက ၁၂၀၀၀ ကျော်နှင့် နှမ်းစပါးဧက ၂၈၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲတီစိမ်းဧက ၁၂၀၀၀ ကျော်နှင့် နှမ်းစပါးဧက ၂၈၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၃ ရက်ကကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲတီစိမ်း၊ နှမ်းစပါး တိုးချဲ့စိုက်ပျိုးရေး သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲမှ သိရသည်။

ပဲတီစိမ်းတစ်ဧကလျှင် ကျပ်တစ်သိန်းနှစ်သောင်းနှင့်ညီမျှသော သွင်းအားစုကိုလည်းကောင်း၊ နှမ်းစပါးတစ်ဧကလျှင် ကျပ်နှစ်သိန်းနှင့်ညီမျှသော သွင်းအားစုကိုလည်းကောင်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ဝန်ဆောင်စရိတ် တစ်ရာခိုင်နှုန်းမှအပ အတိုးမဲ့ထုတ်ပေးထားသည့် အဆိုပါထောက်ပံ့ခြင်းအတွက် သီးနှံပေါ်ချိန်တွင် သွင်းအားစုဖိုးနှင့်ညီမျှသော သီးနှံကို ကာလပေါက်ဈေးဖြင့် ပေးသွင်းရန်ဖြစ်ပြီး ကျန်သီးနှံကို တောင်သူစိတ်တိုင်းကျ ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ သွင်းအားစုဖိုး ပြန်လည်ကောက်ခံရရှိငွေကို နောက်ရာသီ သီးနှံစိုက်ပျိုးရေးအတွက် ဆက်လက်ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်၍ လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုစီမံကိန်းတွင် ပါဝင်သူများအားလုံးက စုစည်းညီညွတ်စွာ ပူးပေါင်းလုပ်ဆောင်ကြရန်လိုအပ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင်အတွင်းရှိ ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းဝင် တောင်သူများအား သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တိုက်ကြီးခရိုင်အတွင်းရှိ နှမ်းစပါးစီမံကိန်းဝင်တောင်သူများကို သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို တိုက်ကြီးမြို့နယ် ရွှေဂျုံးပြုခန်းမ၌လည်းကောင်း ကျင်းပပြီး စီမံကိန်းဝင်တောင်သူများကို သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။




အဆိုပါ အခမ်းအနားများတွင် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရတို့က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲတီစိမ်းနှင့် နှမ်းစပါး စီမံကိန်း၏ ရည်ရွယ်ချက်၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူအစုအဖွဲ့များ၊ သွင်းအားစု လုပ်ငန်းရှင်များနှင့် ဝယ်ယူကြိတ်ခွဲရောင်းချသူများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ သီးနှံများအထွက်တိုးရေးနှင့် အရည်အသွေးကောင်းသီးနှံများ ထုတ်လုပ်ရေး၊ ဈေးကွက်ခိုင်မာသေချာရေး၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများအပေါ် စနစ်တကျလိုက်နာရန် လိုအပ်ချက်များ၊ လယ်ယာကုန်ထုတ် သမဝါယမအသင်း ဖွဲ့စည်းဆောင်ရွက်ခြင်း၏ အားသာချက်များနှင့် ဆန္ဒသဘောညီညွတ်သူများ စုပေါင်း၍ သမဝါယမအသင်းအဖြစ် ဖွဲ့စည်းလုပ်ကိုင်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၂၅**

မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ထူးချွန်ထက်မြက်သည့် ဘောလုံးအားကစားသမားကောင်းများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

အဆိုပါ ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တပ်မတော်မှအရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဒီဇင်ဘာ ၂၆ ရက် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဒုတိယနေ့ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်း၊ ညနေ ၅ နာရီခွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ကြောင်း ဘောလုံးအားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခရစ္စမတ်နေ့တွင် ရန်ကုန်မြို့ရှိ ပန်းခြံများ၊ အဆောက်အအုံများ၌ ရောင်စုံလျှပ်စစ်မီးများ အလှဆင်ထွန်းညှိထား




**ရန်ကုန် ဒီဇင်ဘာ ၂၅**

ယနေ့သည် ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့ဖြစ်သည်အညီ တိုင်းရင်းသားပေါင်းစုံ ခရစ်ယာန်ဘာသာဝင်များ၏ ခရစ်တော်ဘုရားသခင်မွေးနေ့တော်မြတ်ဖြစ်သောကြောင့် အထိမ်းအမှတ်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ခရစ်ယာန်ဘုရားကျောင်းများ၌ ဘုရားဝတ်ပြု ဆုတောင်းခြင်းတို့ကို စိတ်အေးချမ်းသာယာစွာဖြင့် ဆောင်ရွက်ကြသည်။

ရန်ကုန်မြို့ ခရစ်ယာန်ဘုရားကျောင်းများတွင်လည်း ခရစ်ယာန်ဘာသာဝင်ပြည်သူများသည် သက်ဆိုင်ရာ ဘုရားကျောင်းများသို့ လာရောက်ကြပြီး ခရစ်တော်ဘုရားသခင် မွေးနေ့တော်မြတ်အထိမ်းအမှတ် ဘုရားဝတ်ပြုဆုတောင်းခြင်း၊ ဓမ္မတေးများဖြင့် ချီးကျူးပူဇော်ခြင်းတို့ပြုလုပ်ကြကာ ညပိုင်းတွင် ခရစ္စမတ်နေ့အထိမ်းအမှတ် ဘုရားကျောင်းများ၌ ရောင်စုံလျှပ်စစ်မီးများ အလှဆင်ထွန်းညှိထားသည့်အပြင် ပန်းခြံများ၊ ဈေးဝယ်စင်တာများ၊ ဟိုတယ်များ၊ အဆောက်အအုံများ၌ ခရစ္စမတ်နေ့အထိမ်းအမှတ် ရောင်စုံလျှပ်စစ်မီးများ အလှဆင်ထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် စာပေစွမ်းအားဖြင့် တစ်တပ်တစ်အားပါဝင်သွားကြရန်လိုအပ်



မြန်မာနိုင်ငံ စာရေးဆရာအသင်း နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေး ကျင်းပစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၂၅**

လူငယ်များ ဉာဏ်ပညာထက်မြက်ရေးနှင့် မိမိနိုင်ငံ၏အကျိုးကို သယ်ပိုးလိုသော စိတ်ဓာတ်များ တိုးပွားနိုးကြားစေရေးအတွက် စာရေးဆရာအသင်းများမှ လှုံ့ဆော်၊ အားပေး၊ တိုက်တွန်းရန်၊ စာပေကလောင်သွားဖြင့် လမ်းမှန်ကိုပြသပေးနိုင်ရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်တပ်တစ်အားပါဝင်ကြရန် လူငယ်များကို တိုက်တွန်းလိုကြောင်း ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အင်းစိန်ခရိုင်လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ မြန်မာနိုင်ငံ စာရေးအသင်းနှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေး၌ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က အသံ Message ပေးပို့ပြောကြားသည်။

အဆိုပါ မြို့နယ်စာရေးဆရာအသင်း၏ နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကို အစီအစဉ် ၁၁ ရပ်ဖြင့် ကျင်းပခဲ့ပြီး မြို့နယ်စာရေးဆရာအသင်း သဘာပတိ စာရေးဆရာ မောင်လွမ်းဝေ(တောင်တွင်း) နှင့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာမ ဒေါ်လှလှကြည် (ကြည်ကြည်မြင့်မြတ်)တို့က အဖွင့်အမှာစကားများ ပြောကြားကာ အသင်းအတွက် အလှူငွေများပေးအပ်ခြင်း၊ စာအုပ်များလှူဒါန်းခြင်း၊ တစ်နှစ်တာ ငွေစာရင်းရှင်းတမ်းများ ရှင်းလင်းဖတ်ကြားခြင်းများ ဆောင်ရွက်ပြီး တက်ရောက်လာသော စာရေးဆရာအဖွဲ့ဝင် ၄၇ ဦးကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖန်းမော်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ကလေးနှင့် တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီတွင် ဖန်းမော်မြို့နယ် သဖန်းပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ အနီးတွင် ယန်တား မောင်းနှင်ပြီး လင်းလင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းတို့သယ်ဆောင်လာသည့် ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူ သုည ဒသမ ၉၉ ကီလိုကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပျော်ဘွယ်မြို့နယ် ဝက်လက်ကျေးရွာအုပ်စု ရွာသာကျေးရွာကားဂိတ်ရှိ လက်ဖက်ရည်ဆိုင်အတွင်းတွင် အောင်ကိုလတ် (ခ) ဂျင်သီး၊ မောင်အေး၊ ကျော်သက်နှင့် ကိုဖြိုးတို့လေးဦးကို သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် မော်တော်ဆိုင်ကယ်နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာအုပ်စု ရွာတန်းကျေးရွာအနီးတွင် ရဲမင်းစိုး မောင်းနှင်ပြီး ရဲမင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ည ၆ နာရီတွင် ရမည်းသင်းမြို့နယ် လှစင်ကျေးရွာအုပ်စု ခင်သာယာကျေးရွာရှိ ရဲမင်း၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀ တို့ကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ကလေးမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု မကွေကျေးရွာ လမ်းမပေါ်တွင် တွေ့ရှိသူ မအေးအေးစိုးကို စစ်ဆေးရှာဖွေရာ ၄င်းကိုင်ထားသော ပလတ်စတစ်အိတ်အတွင်းနှင့် ပိုက်ဆံအိတ်အတွင်းတို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၃၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၂ နာရီတွင် ကလေးမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု မကွေကျေးရွာအနီး ကလေး-သာစည်သွားလမ်း မိုင်တိုင်အမှတ်(၇၁)တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ မမြတ်မူ (ခ) မမူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း။

ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် သဇင်(၃)လမ်းရှိ မနန်းမွှေဖောင် ငှားရမ်းနေထိုင်သည့် နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ပြည့်စုံချမ်းမြေ့နှင့် အောင်မိုးဦးတို့ကို တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၄င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



လင်းလင်းနှင့် ယန်တားတို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**ရဲပြန်ကြား**

# တရားမဝင် လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ဒီဇင်ဘာ ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေး စခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Thermos Bottles အလုံး ၁၀၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၇၅၀၀၀ ကိုလည်းကောင်း၊ မြဝတီ-ဘားအံ-ရန်ကုန်ကားလမ်း အမှတ်(၂) လမ်းမကြီး ရွာသာကြီးတိုးဂိတ်အနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက်ပိုမိုပါရှိ လာသော Shopping Bag အလုံး ၃၈၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော NISSAN DIESEL အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၁၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီကုန်သွယ်ရေးဇုန်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိသော PE Slipper အရန် ၂၁၅၇၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၀၇၇၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၂၃ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ လေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၅၆၅၇၇၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**







# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က) နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ယခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပါရမီရပ်ကွက်နေ လင်းလင်းထိုက် (ခ) လင်းလင်းသည် ၄င်းအသုံးပြုသည့် “Lynn Lynn” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာနေ သီတာတင်သည် ၄င်းအသုံးပြုသည့် “Thida Tin” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

# မော်ရိုကိုနိုင်ငံ၏မြို့များ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်နိုင်ခြေပိုများလာ



**နယူးယောက် ဒီဇင်ဘာ ၂၅**

မော်ရိုကိုနိုင်ငံ၏ မြို့များသည် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်နိုင်ခြေပိုများလာပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် ကုန်ကျစရိတ်သည် တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅ ထရီလီယံကျော်ရှိသည်ဟု ဒီဇင်ဘာ ၂၄ ရက်က ထုတ်ပြန်သော ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာသစ်အရ သိရသည်ဟု Morocco World News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

မော်ရိုကိုနိုင်ငံသည် သဘာဝနှင့် ရာသီဥတုဆိုင်ရာအန္တရာယ်များ ပိုမိုခံရနိုင်ခြေများလာကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာသစ်က ဖော်ပြခဲ့ပြီး နိုင်ငံအသားတင်ထုတ်ကုန်၏ ၇၅ ရာခိုင်နှုန်းကျော်ကို အဆိုပါလုပ်ငန်းများတွင် ပံ့ပိုးပေးထားကြောင်း၊ သို့သော်လည်း လက်ရှိတွင် ရေကြီးခြင်း၊ အပူလှိုင်းများနှင့် မိုးခေါင်ရေရှားခြင်းတို့ကဲ့သို့ ပြင်းထန်သော ရာသီဥတုအခြေအနေများနှင့် ထိတွေ့မှုမြင့်မားလာပြီး ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းအပြင် နှစ်စဉ် ရာသီဥတုဖောက်ပြန်မှုကြောင့် စီးပွားရေးကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ သုည ဒသမ ၅ ထရီလီယံကျော်ရှိကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

မော်ရိုကိုအစိုးရအနေဖြင့် ကမ္ဘာ့ဘဏ်အပါအဝင် မိတ်ဖက်နိုင်ငံများစွာဖြင့် ရာသီဥတုအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများအတွက် အစီအစဉ်များစွာ ချမှတ်ထားပြီး ၎င်းတို့အနက် လတ်တလောအနေဖြင့် Fez 2022-2027 ကဲ့သို့ စီမံကိန်းများပါဝင်ကြောင်း သိရသည်။

Fez 2022-2027 စီမံကိန်းသည် သဘာဝဘေးကြောင့်ဖြစ်ပေါ်လာသောအန္တရာယ်များကို လျှော့ချရန်နှင့် စက်မှုလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများကို ကာကွယ်ရန်၊ စားနပ်ရိက္ခာဖူလုံရေးနှင့်ကျန်းမာရေးမညီမျှမှုများကို လျှော့ချပေးရန်၊ လူနေမှုအဆင့်အတန်းကိုမြှင့်တင်ပေးရန်နှင့် မရှိမဖြစ်လိုအပ်သည့် လူမှုစီးပွားနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများတွင် ပံ့ပိုးမှုများ ပြုလုပ်ရန်ဖြစ်ကြောင်း သိရသည်။

AZH

# အီရန်နိုင်ငံ ကိုရာဆန်စီရင်စုတွင်
# ပြင်းအား ၅ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်

**တီဟီရန် ဒီဇင်ဘာ ၂၅**

အီရန်နိုင်ငံ တောင်ဘက်ပိုင်း ကိုရာဆန်စီရင်စုတွင် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက ပြင်းအား ၅ ဒသမ ၁ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဘူမိရူပသိပ္ပံအင်စတီကျူက ထုတ်ပြန်ခဲ့သည်ဟု AA သတင်းဌာနက ယနေ့ရေးသားဖော်ပြခဲ့သည်။

မြေငလျင်သည် ဘိုရှ်ရာဗီယီမြို့အနီးတွင် ဗဟိုပြုလှုပ်ခတ်သွားခဲ့ခြင်းဖြစ်ပြီး မြေငလျင်ကြောင့် အသေးစားပျက်စီးမှု တချို့ရှိခဲ့ကြောင်း၊ မြေငလျင်သည် မြေအောက်အနက် ၈ ကီလိုမီတာအကွာမှ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက် မြေငလျင်လှိုင်းသည် နေရာအနှံ့ပျံ့နှံ့ခဲ့သဖြင့် ဒေသခံများ အထိတ်တလန့် ဖြစ်ခဲ့ရကြောင်း ကိုရာဆန်စီရင်စုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ မြေငလျင်လှိုင်း ပျံ့နှံ့ရောက်ရှိမှုကြောင့် ဖာဒက်ဒေသ၊ တာဘက်စ်ဒေသနှင့် အာကန်ဒီဒေသတို့ရှိ အခြေခံအဆောက်အအုံအချို့ပျက်စီးခဲ့ပြီး တန်ဖိုးပမာဏကို စိစစ်နေဆဲဖြစ်ကြောင်း ကိုရာဆန်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

“ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းအချိန်မှာ ပြင်းအား ၅ ဒသမ ၁ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်ဟာ ဘိုရှ်ရာဗီယီမြို့အနီးမှာ လှုပ်ခတ်သွားခဲ့တာဖြစ်ပြီးတော့ မြေအောက်အနက် ၈ ကီလိုမီတာအကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်တဲ့အကြောင်း ဘူမိရူပသိပ္ပံအင်စတီကျူက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ မြေငလျင်လှိုင်းဒဏ်ကြောင့် ပျက်စီးမှုတွေရှိခဲ့တဲ့ရွာတွေမှာ ကယ်ဆယ်ရေးဝန်ထမ်းတွေ သွားရောက်စစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ မြေငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ပါဘူး”ဟု ကိုရာဆန်စီရင်စုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ခိုင်ဆက်

# ဩစတြေးလျနိုင်ငံတွင် နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရ

**ကင်ဘာရာ ဒီဇင်ဘာ ၂၅**

ဩစတြေးလျနိုင်ငံ ရေတားလန်းနယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည်ဟု ဩစတြေးလျအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း Shepp News သတင်းဌာနက ဒီဇင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မာရေးမြစ်ရေလျှံတက်ကာ ဒီဇင်ဘာ ၂၃ ရက်မှစ၍ ရေတားလန်းနယ်မြေတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း၊ မာရေးမြစ်ကြောင်း တစ်လျှောက်တွင်ရှိသည့် ဒေသခံများ ဆိုးရွားသောရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး မန်နမ်မြို့တွင်လည်း ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း ဩစတြေးလျအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ ရေတားလန်းနယ်မြေနှင့် မန်နမ်မြို့ရှိ ဒေသခံတချို့ ဒီဇင်ဘာ ၂၄ ရက်မှစ၍ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး မြောက်ပိုင်း နယ်မြေဒေသတချို့တွင် ဆိုးရွားသည့်ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း ဩစတြေးလျဗဟိုမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်။

ဩစတြေးလျဗဟိုမိုးလေဝသစင်တာ၏ထုတ်ပြန်ချက်အရ ဒီဇင်ဘာ ၂၃ ရက်တွင် တင်ဘာရိခ်ဒေသ၌ မိုးရေချိန် ၁၅၇ မီလီမီတာထိ မြင့်တက်သဖြင့် မိုးရွာသွန်းမှုဖြစ်ပွားခဲ့ပြီး ၆ နာရီအတွင်း ရေကြီးရေလျှံမှုတင်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၄ ရက်အစောပိုင်း တင်ဘာရိခ်မြို့တွင် အသက် ၇၄ နှစ်အရွယ် အမျိုးသမီးတစ်ဦး မော်တော်ယာဉ်ဖြင့် ရေကြီးရေလျှံမှုဖြစ်ပွားနေသောတံတားကိုဖြတ်သန်းစဉ် ယာဉ်မတော်တဆမှုဖြစ်၍ မော်တော်ယာဉ်သည် တံတားပေါ်မှ တိမ်းမှောက်ပြီး ရေစီးနှင့်အတူမျောပါခဲ့သဖြင့် ကယ်ဆယ်ရေး ဝန်ထမ်းများက အချိန်မီကယ်တင်ပေးနိုင်ခဲ့ကြောင်း မြောက်ပိုင်းနယ်မြေကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။




ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့် တင်ဘာရိခ်မြို့မှ ဒေသခံ ၇၀ ရာခိုင်နှုန်းခန့်နေအိမ်စွန့်ခွာကာ ရေဘေးအန္တရာယ်မဖြစ်ပေါ်နိုင်သည့်အားကစားကွင်းများသို့ ရှောင်တိမ်းခဲ့ရကြောင်း တင်ဘာရိခ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ခိုင်ဆက်

# မီးခိုးမြူနှင့် လေထုညစ်ညမ်းမှုထိန်းချုပ်မည့်စီမံကိန်း
# ပါကစ္စတန်အစိုးရက ချမှတ်ဆောင်ရွက်

**အစ္စလာမ်မာဘတ် ဒီဇင်ဘာ ၂၅**

ပါကစ္စတန်အစိုးရသည် မီးခိုးမြူနှင့် လေထုညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်ကို စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပါကစ္စတန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ဟု The News International သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

မီးခိုးမြူထိန်းချုပ်ရေးအထူးတပ်ဖွဲ့များသည် Rawalpindi နှင့် Islamabad မြို့တို့တွင် မီးခိုးထုတ်လွှတ်သည့်ယာဉ်များနှင့် စက်ရုံများကို စောင့်ကြည့်စစ်ဆေးမှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အသေးစိတ်အချက်အလက်များအရ ခရိုင်အုပ်ချုပ်ရေးမှူးများသည် မီးခိုးထုတ်လွှတ်သောအုတ်ဖိုများ၊ စက်ရုံများနှင့် မော်တော်ယာဉ်များကို စောင့်ကြည့်ရန်တာဝန်ပေးအပ်ထားပြီး မီးခိုးမြူထိန်းချုပ်ရေးအဖွဲ့များအနေဖြင့် ဆေးရုံများမှ စွန့်ပစ်ပစ္စည်းများစနစ်တကျစွန့်ပစ်ခြင်းကို စောင့်ကြည့်ထိန်းသိမ်းရန် တာဝန်ပေးအပ်ထားကြောင်း၊ အဆိုပါမြို့များ၌ မည်သည့်နေရာတွင်မဆို ပလတ်စတစ်နှင့် အမှိုက်များမီးရှို့ခြင်းကို လုံးဝတားမြစ်သည့် ဒေသန္တရဥပဒေတစ်ရပ် ချမှတ်ထားပြီးဖြစ်ကြောင်း သိရသည်။

အစိုးရနှင့် ပုဂ္ဂလိကဆေးရုံများတွင် မီးခိုးမြူကြောင့် ရောဂါဖြစ်ပွားသော လူနာများအတွက် စစ်ဆေးရန် ဆေးရုံများတွင် သီးခြားကောင်တာများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့အနေဖြင့် မီးခိုးထုတ်လွှတ်သောယာဉ်များကို အရေးယူရန် မြို့တွင်းယာဉ်ထိန်းရဲတပ်ဖွဲ့နှင့်ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး အစိုးရအနေဖြင့် မီးခိုးမြူပြဿနာကို အလေးအနက်ထားပြီး ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရန် စောင့်ကြည့်အဖွဲ့များ ဖွဲ့စည်းပြီး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း ပါကစ္စတန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

AZH

# ဘရာဇီးနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက်
# ကမ္ဘာ့ဘဏ်က ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကူညီမည်

**ဝါရှင်တန် ဒီဇင်ဘာ ၂၅**

ဘရာဇီးနိုင်ငံသည် အစိုးရသစ်ပြောင်းလဲမှုနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ရန်ပြင်ဆင်နေပြီး ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများတွင် ငွေကြေးပံ့ပိုးကူညီပေးနေသည့် အမေရိကန်နိုင်ငံအခြေစိုက် ကမ္ဘာ့ဘဏ်က ဘရာဇီးနိုင်ငံကို ချေးငွေအဖြစ် အမေရိကန်ဒေါ်လာသန်း ၅၀၀ ထိ ကူညီပေးမည်ဟု ထုတ်ပြန်ခဲ့ကြောင်း US News သတင်းဌာနက ဒီဇင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဘရာဇီးနိုင်ငံကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ချေးငွေခွင့်ပြုပေးရန် ကမ္ဘာ့ဘဏ်ဘုတ်အဖွဲ့က ဒီဇင်ဘာ ၂၃ ရက်တွင် အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ ဘရာဇီးနိုင်ငံသည် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးလုပ်ငန်းများနှင့် သစ်တောပြုန်းတီးမှုလျှော့ချရေးကို အဓိကဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး လာမည့်ဘဏ္ဍာနှစ်အတွင်း ဘတ်ဂျက်များလည်း ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ဘရာဇီးအစိုးရသစ်က ကမ္ဘာ့မြေကြီးပူနွေးမှု လျှော့ချရေးလုပ်ငန်းအတွက် အဓိကအခန်းကဏ္ဍတွင်ပါဝင်နေသည့် အမေဇုန်သစ်တောပြုန်းတီးမှုလျှော့ချရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

“ဘရာဇီးနိုင်ငံအနေနဲ့ ရာသီဥတုဖောက်ပြန်မှု လျှော့ချရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်သွားဖို့ ဘဏ္ဍာရေးလိုအပ်ချက်တွေရှိနေတဲ့အတွက် ကမ္ဘာ့ဘဏ်အနေနဲ့ ချေးငွေခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။ ဘရာဇီးနိုင်ငံဟာ ၂၀၃၀ ပြည့်နှစ်မှာ ကာဗွန်ထုတ်လွှတ်မှုပမာဏတစ်ဝက် လျှော့ချသွားဖို့ ပြင်ဆင်နေတယ်။ သစ်တောပြုန်းတီးမှုကိုလဲလျှော့ချသွားဖို့ပြင်ဆင်နေတယ်။ ဒီလုပ်ငန်းတွေမှာ အသုံးပြုသွားဖို့အတွက် ချေးငွေအမေရိကန်ဒေါ်လာသန်း ၅၀၀ ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်”ဟု ကမ္ဘာ့ဘဏ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။


ခိုင်ဆက်

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

0w Kw d @

# ညီလေး

မွေးထူးလေး




(၁)

"ကြာဖြူရေ××× ကြာဖြူရေ××× ရွှေမိုးလေးတွေ ရွာတိုင်းပဲသတိရနေ×××"

လမ်းမထက်က လွင့်ပျံလာသည့် အစ်ကိုကြီး၏ သီချင်းဆိုသံကိုကြားရသည်နှင့် သူ့ဒေါသက ထောင်းခနဲထွက်လာသည်။ ပင်ပန်းသည်အကြောင်းပြကာ အစ်ကိုကြီးက နေ့စဉ်နှင့်အမျှ အရက်ကလေးတမြမြ လုပ်ရုံမျှမက တစ်ရပ်ကွက်လုံးကြားအောင် သီချင်းပါ အော်ဆိုတတ်သေးသည်။ သူက တက္ကသိုလ်ဂုဏ်ထူးတန်းကျောင်းသား။ အစ်ကိုကြီးက တိုက်ဆေးသုတ် အရက်သမား။ ဘယ်နေရာမှ အစ်ကိုကြီးနှင့် သူသည် မအပ်စပ်။

"အားနေရင် အရက်သောက်ဖို့လောက်ပဲ။ အမေ့သားကြီးကို အမေကြည့်ထိန်းအုံးဗျာ။ ကျုပ်ဖြင့် သူ့ကို အစ်ကိုတော်ထားရတာတောင်ရှက်တယ်"

ဒေါသကို မထိန်းနိုင်သည့်အဆုံး စကားလုံးတချို့နှင့် အမေ့ကိုသာ အပြစ်ဆိုမိပြန်သည်။ တွေးကြည့်မိတော့ အစ်ကိုကြီးဆိုသောကြွက်ကိုမနိုင်၍ အမေဖြစ်သည့် ကျီကိုမီးရှို့ရသည့်အဖြစ်။ အကယ်၍သာ သူ့ထက် အငယ်ဆိုလျှင် နားပန်းကျင်းသင့်လျှင် ကျင်းပစ်၍ ရသည်။ ယခုတော့ သူ့ထက်အကြီးဖြစ်နေသည့် အစ်ကိုကြီးကို စိတ်တိုရုံမှတစ်ပါး အခြားဘာမျှ မတတ်နိုင်ပြီ။

(၂)

"သားကြီးရယ် ဖြစ်နိုင်ရင် အရက်မသောက်ပါနဲ့လား။ ငါ့သားက အခုလို သောက်စားနေတော့ သားငယ်က ဘယ်ရှိသေပါ့မလဲ"

"ဟုတ်ကဲ့ပါအမေရာ။ သား တစ်နေ့တော့ ဒီအရက်ကိုဖြတ်မှာပါအမေရဲ့"

အစ်ကိုကြီး၏စကားသံကို အိပ်ရာထဲကနေ သူ အတိုင်းသားကြားနေရသည်။ တစ်ဆက်တည်းဆိုသလို သူ့စိတ်ထဲကနေလည်း-

"ပြောလိုက်တိုင်း တစ်နေ့ တစ်နေ့နဲ့။ အဲဒီတစ်နေ့က သူသေမဲ့နေ့ပဲဖြစ်မှာ"ဟု ပြောနေမိသည်။ ခေတ္တမျှကြာတော့ အမေ့ထံမှ-

"ထမင်းချိုင့်ရပြီ"ဆိုသည့်အသံနှင့်အတူ အစ်ကိုကြီး၏ စက်ဘီးဘဲတီးသံကိုပါ ကြားလိုက်ရသည်။ နာရီကိုကြည့်မိတော့ ခုနစ်နာရီခွဲ။ အပြင်မှာတော့ မိုးဖွဲများကမစဲ။ ထုံးစံအတိုင်း အစ်ကိုကြီးကတော့ ထီးမဆောင်း၊ မိုးကာမဝတ်နှင့် အလုပ်ကိုသွားပေလိမ့်မည်။ မိုးမိပြီး ဖျားလျှင်ဒုက္ခဟု သူ့စိတ်တွင် အစ်ကိုကြီးအတွက် ခေတ္တမျှပူပင်မိပါသေးသည်။ သို့သော် အရက်နှင့်တွေ့လျှင် အဖျားပျောက်တတ်သူအစ်ကိုကြီးအတွက် သူ့ပူပင်စိတ်များက မိနစ်အနည်းငယ်မကြာခင် အလိုလိုပင် ပျောက်ကွယ်သွားပါလေ၏။

(၃)

"ရော့ ဒါသားငယ်လေးအတွက်"

"ဟာ အမေက သားအတွက် အကျီဝယ်လာတာပေါ့"

"အင်းပေါ့။ အမေ့သားက ဂုဏ်ထူးတန်းပါတယ်ဆိုတော့ ဆုချရတာပေါ့"

"ဟာ Giorenzo တံဆိပ်ပါလား ပျော်လိုက်တာအမေရာ။ ဒါနဲ့ အမေက ဒီအကျီဝယ်ဖို့ ဘယ်က ပိုက်ဆံရ"

"အမေလား စုထားတာပေါ့"

"ဟေး ဒါကြောင့် အမေ့ကိုချစ်နေရတာ"

အမေ့ကို သူပွေးဖက်ရင်း အဖေ့ကို သူသတိရမိပြန်သည်။ သူ့ကို ပညာတတ်ကြီးဖြစ်စေချင်ခဲ့သည့်အဖေက သူရှစ်တန်းကျောင်းသားဘဝမှာပင် ငြမ်းပေါ်က ခြေချော်ကျကာ ဆုံးပါးသွားခဲ့သည်။ ထိုစဉ်က အစ်ကိုကြီးက ဆယ်တန်းကို တတိယအကြိမ်မြောက်ဖြေနေသည့်အချိန်ပင်။ နဂိုကတည်းက စာဆိုလျှင် မကြိုးစားချင်သည့်အစ်ကိုကြီးက အဖေဆုံးသည်ကို အကြောင်းပြကာ ဆယ်တန်းစာမေးပွဲကို ဆက်မဖြေဘဲ ရပ်နားလိုက်သည်။ ထိုသို့ အစ်ကိုကြီးသည် ဆယ်တန်းသုံးခါကျကာ အလုပ်ခွင်ထဲဝင်ရောက်သွားခဲ့ခြင်းပင်ဖြစ်သည်။ အဖေ့တုန်းက ပန်းရန်အလုပ်။ အစ်ကိုကြီးကျတော့လည်း တိုက်ဆေးသုတ်။

"ဒီပုတ်ထဲကပဲက ဒီပဲ ပဲပေါ့"ဟု အများကပြောသည့်စကားများကို သူ့အလှည့်မှာတော့ တွန်းလှန်ကာပြချင်သည်မို့ ကြိုးစားခဲ့ရာမှ ယခုလို အရာထင်လာခြင်းပင်ဖြစ်သည်။ ဂုဏ်ထူးတန်းကျောင်းသားမှ မဟာတန်းပါသည်ထိ သူကြိုးစားဖို့ရာရည်ရွယ်ထားသည်။ တစ်နေ့ တက္ကသိုလ်ကြီးထဲတွင် ကျူတာဆရာဖြစ်ရမည်ဟုလည်း သူခံယူထားသည်။

(၄)

"ကြာဖြူရေ××× ကြာဖြူရေ××× ရွှေမိုးလေးတွေ"

ရေချိန်ကိုက်လာသည့် အစ်ကိုကြီး၏အသံက လမ်းမထက်ကတစ်ဆင့် အိမ်ဝင်းထဲသို့ ပျံ့လွင့်လာသည်။ နားနှစ်ဖက်ကို လက်ဖြင့်ဖိကပ်ကာ စာကို အသည်းအသန်အာရုံစိုက်ကြည့်သော်လည်း မည်သို့မျှ အာရုံစူးစိုက်၍ မရ။

"လွမ်းတယ်လေ့××× လွမ်းတယ်ကြာဖြူရေ×××"

"ကဲကွာ အဲဒီမှာလွမ်းချင်အုံး"

သူ့ထံမှ မျှော်လင့်မထားသည့် ထိုးနှက်ချက်ကြောင့် အစ်ကိုကြီးသည် နောက်သို့လန်လဲသွားသည်။ အမေကတော့ အစ်ကိုကြီးကို အပြေးသွားထူရှာသည်။

"ဟာ ညီ ညီလေး အစ်ကိုကြီးကို ထိုးတယ်ပေါ့"

"ထိုးတယ်ဗျာ။ ခင်ဗျားအသံကြီးကြောင့် စာကြည့်မရလို့ထိုးတာ ဘာဖြစ်ချင်လဲ"

"တော်တော့ သားငယ်။ မင်းလုပ်ရပ်က လွန်လွန်းနေပြီနော်"

"နေပါစေ အမေရာ ညီလေးကိုမဆူပါနဲ့။ ကျုပ်အပြစ်ပါ။ ငါ့ညီလေးမကြိုက်ရင် အစ်ကိုကြီးသီချင်းမဆိုတော့ဘူး။ ကျက်ကျက် ညီလေးစာကျက်စရာရှိတာကျက်"

ယိုင်ထိုးနေသည့် ခြေလှမ်းများဖြင့် အစ်ကိုကြီးက အိမ်ရှေ့ကွပ်ပျစ်ဆီကို လှမ်းကာသွားလေသည်။ အမေကတော့ အစ်ကိုကြီးကိုကြည့်ကာ ကရုဏာသက်နေရှာသည်။ သူကတော့ ယနေ့တစ်ညတာအတွက် နားငြိမ်းသက်သာသွားပြီဟုတွေးကာ စိတ်သက်သာရာရသွားသည်မှာ အမှန်။

(၅)

သည်နေ့နံနက် အမေက လက်ဖက်ရည်သောက်ချင်သည်ဟုဆို၍ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ဘက်ကို သူထွက်လာခဲ့လိုက်သည်။

"ပေါ့ဆိမ့်တစ်ခွက် ပါဆယ်"

"ခဏစောင့်နော် ညီလေး"

အဖျော်ဆရာကို ခေါင်းညိတ်ပြရင်း ခုံလွတ်တစ်ခုတွင် သူဝင်ထိုင်နေလိုက်သည်။

"အဲဒါ နိုင်မျိုးရဲ့ညီ အငယ်ကောင်မဟုတ်လား"

"ဟုတ်တယ်လေ"

"အင်း ဘာလိုလိုနဲ့ အဲဒီ အငယ်ကောင်တောင်မှ တော်တော်အရွယ်ရောက်လာပြီပဲ။ ငါ့ကောင်ကြီးနိုင်မျိုးကတော့ အငယ်ကောင့်ကို ညာနေရတာနဲ့ ဒီတစ်သက် အရက်နဲ့ပဲ ပေါင်းဖက်နေရတော့မှာပါကွာ"

"အေး ဟုတ်တယ်ကွာ။ နိုင်မျိုးခမျာ သူ့ချစ်သူနဲ့ ယူဖို့ရာ ပိုက်ဆံလေးစုထားတာကို သူ့ညီအငယ်ကောင် ဆယ်တန်းစာမေးပွဲအောင်တော့ တက္ကသိုလ်ဆက်တက်ဖို့ငွေနဲ့ ကျောင်းသွားတဲ့အခါ စီးဖို့အတွက် ဆိုင်ကယ်လိုတယ်ဆိုလို့ စုဘူးခွဲပြီး သူ့အမေကို ပေးလိုက်တာ ငါ့ရှေ့တင်ကွ။ အဲဒီနောက် နိုင်မျိုးကို သူ့ချစ်သူက အငယ်ကောင်နဲ့သူ ဘယ်သူ့ကိုရွေးမလဲဆိုပြီးမေးတော့ သူ့ညီအတွက် သူရှိမှဖြစ်မှာဆိုပြီး ပြောလိုက်လို့ ကောင်မလေးကစိတ်ဆိုးပြီး နိုင်မျိုးကိုဖြတ်သွားတာ။ အဲဒီအချိန်ကစလို့ နိုင်မျိုးတစ်ယောက် အရက်သောက်တတ်သွားတာပဲကွာ"

"မပြောပါနဲ့တော့ကွာ။ အခုဆို နိုင်မျိုးရဲ့ချစ်သူတောင်မှ အိမ်ထောင်ကျလို့ ကလေးတစ်ယောက်ရနေပြီ။ နိုင်မျိုးကတော့ အချစ်သစ်မရှာဘဲ သူ့ညီအတွက်ချည်းပဲ စဉ်းစားနေတော့တာ။ ဟိုတစ်နေ့ကပဲ ကြည့်ပါလား။ သူ့အတွက်ဆိုရင် ဘေထုပ်သည်ဆီမှာတောင် ဈေးဆစ်ဝယ်တဲ့ကောင်က အငယ်ကောင့်အတွက်ကျတော့ တကယ့်ဖက်ရှင်စတိုးဆိုင်ကိုသွားပြီး Giorenzo အကျီမှ ဝယ်ပေးသတဲ့ဗျ။ အဲဒါတောင်မှ အငယ်ကောင်က နိုင်မျိုးကို အရက်သမားဆိုပြီး မကြည်ဖြူလို့ သူ့အမေဝယ်ပေးတာဆိုပြီး လိမ်ရသေးတာတဲ့ဗျာ"

လက်ဖက်ရည်ပါဆယ်ထုပ်ကို လျှင်မြန်စွာယူပြီး ဆိုင်ထဲကနေ ရှက်ရွံ့စွာ သူထွက်လာလိုက်သည်။ သူ့အာရုံထဲမှာတော့ အစ်ကိုကြီး၏ပုံရိပ်များသာ စိုးမိုး၍ နေသည်။ ဆံပင်ကပွယောင်း၊ မျက်နှာမှာလည်း ဝက်ခြံပေါင်းများစွာ။ ကိုယ်ပေါ်မှာဝတ်ထားသည့်တီရှပ်ကလည်း ပွတတနှင့် ဘယ်နေရာမှကြည့်မဖြစ်။ သူနှင့်ညီအစ်ကိုပါဟု ကျိန်ပြောလျှင်တောင် ယုံချင်စရာမရှိသည့်အစ်ကိုကြီး၏အသွင်အပြင်ကြောင့် လမ်းမှာတွေ့လျှင်တောင်မှ မသိချင်ယောင်ဆောင်ခဲ့ဖူးသည်။ တစ်ခါကဆိုလျှင်လည်း သူငယ်ချင်းများနှင့် ဆိုင်မှာထိုင်နေစဉ်-

"ညီလေး"ဆိုပြီး လှမ်းခေါ်နေ၍ မကြားချင်ဟန်ဆောင်လိုက်ရသည်။ မနေ့ညကဆိုလျှင်လည်း ကိုယ်ထိလက်ရောက်ပင် စော်ကားလိုက်မိသေးသည်။ ပြောမှသိ၊ ထိမှနာဆိုသလို လှစ်ဟမပြခဲ့သည့် အစ်ကိုကြီး၏မေတ္တာတရားကို သူများပြောမှသိတော့သည့်အဖြစ်။ သေချာစွာတွေးကြည့်မိလျှင် သူ့ထက်မိုက်သည့်ညီသည် ကမ္ဘာမှာရှိမည်မထင်။

(၆)

စောင့်မျှော်နေရ၍ဖြစ်မည်။ သည်နေ့ကျမှ အစ်ကိုကြီးပြန်လာချိန်သည် နောက်ကျလွန်းလှသည်။ လူငယ်တချို့ သီချင်းအော်ဆိုသံကြားရတိုင်း အစ်ကိုကြီးများလားဟု ထွက်ကြည့်ရသည်မှာလည်း မောလှပြီ။

"ကြာဖြူရေ××× ကြာဖြူရေ××× ရွှေမိုးလေးတွေ"

အစ်ကိုကြီး၏သီချင်းသံပင်။ ဝမ်းသာအားရနှင့် နားထောင်မိချိန်မှာ သီချင်းသံက တိခနဲရပ်သွားသည်။ ဧကန္တ မနေ့ညက သူစိတ်ဆိုးသွားမှန်းသိ၍ အစ်ကိုကြီးက သီချင်းဆိုရပ်လိုက်ခြင်းဖြစ်မည်ဟုတွေးမိကာ သူ့ရင်ထဲ နင့်ခနဲ ခံစားလာရပြန်သည်။

"ညီလေး စာမကျက်သေးဘူးလား"

"ဟုတ် ကျုပ် အစ်ကိုကြီးကို မျှော်နေတာ"

"ဟာ ထူးထူးဆန်းဆန်းပါလား"

"ကျုပ် မနေ့ညက အစ်ကိုကြီးကို ထိုးလိုက်မိတဲ့အတွက် တောင်းပန်ပါတယ်။ ကျုပ်ကို ခွင့်လွှတ်ပေးပါနော်"

ပြောပြောဆိုဆိုပင် အစ်ကိုကြီး၏ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ပြီး လက်အုပ်ချီကာ ရှိခိုးလိုက်တော့ အစ်ကိုကြီးက-

"ကန်တော့စရာမလိုပါဘူး ညီလေးရာ။ အစ်ကိုကြီးက ခွင့်လွှတ်ပြီးသားပါကွာ"ဟု ငိုသံပါကြီးနှင့် ပြောလာသည်။

ထို့နောက်မှာတော့ ညီအစ်ကိုနှစ်ယောက်မျက်ရည်အဝိုင်းသားနှင့် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်လိုက်ကြသည်။ အမေကတော့ သူတို့ညီအစ်ကိုနှစ်ယောက်ကိုကြည့်ကာ ပြုံးနေရှာတော့သည်။

# မြန်မာ့သနပ်ခါးကို ဆေးဝါးအဖြစ်ထုတ်လုပ်ကာ တရားဝင်ဖြန့်ဖြူးရောင်းချပေးရန် စီစဉ်ဆောင်ရွက်နေ



**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာ့သနပ်ခါးကို ဆေးဝါးအဖြစ်ထုတ်လုပ်ကာ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ပြီး တရားဝင်ဖြန့်ဖြူးရောင်းချပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းအနေဖြင့် မြန်မာ့သနပ်ခါးနှင့်ပတ်သက်၍ တန်ဖိုးမြင့်ထုတ်ကုန်အမြောက်အမြား ထုတ်လုပ်နိုင်စေရန်၊ သဘာဝသနပ်ခါးဖြင့် တိုင်းရင်းဆေးအမည်များစွာ ထုတ်လုပ် ဖြန့်ဖြူးရောင်းချပေးနိုင်ရန်နှင့် သနပ်ခါးအရွက်မှ တိုင်းရင်းဆေးဝါးများထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပြီး အဆိုပါ စီစဉ်ဆောင်ရွက်မှုများကို သက်ဆိုင်ရာပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာလူမျိုးများအနေဖြင့် သနပ်ခါးကို မျက်နှာအလှအပအတွက် လိမ်းကျံကြပြီး အပူလောင်မှု၊ ရောင်ရမ်းမှုနှင့် ယားနာရောဂါများအတွက်လည်း သနပ်ခါးကို သွေးလိမ်းလေ့ရှိကာ သနပ်ခါးသီးများကို အဆိပ်ဖြေဆေးနှင့်ကျောက်ကပ်ရောဂါ၊ ပြင်းထန်သောအဖျားရောဂါများအတွက် ဖော်စပ်သည့်ဆေးဝါးများတွင် ထည့်သွင်းအသုံးပြုနိုင်ကြောင်း၊ အရွက်ကိုလည်း အနာကြီးရောဂါနှင့် ငှက်ဖျားရောဂါကုသဆေးဝါးများတွင် ထည့်သွင်းအသုံးပြုနိုင်ပြီး အမြစ်ကိုလည်း မီးယပ်ရောဂါနှင့် ကလေးချွဲကျပ်ရောဂါကုဆေးဝါးများတွင် ထည့်သွင်းအသုံးပြုကြကြောင်း သိရသည်။

ထို့ပြင် သနပ်ခါးကို ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများက သိပ္ပံနည်းကျ ဓာတ်ခွဲသုတေသနပြု လုပ်ဆောင်ရာတွင် လူ့ခန္ဓာကိုယ်ကို အကျိုးပြုစေသောဒြပ်ပေါင်း(Bioactive Compounds)ပါဝင်ပြီး ဘေးထွက်ဆိုးကျိုးမရှိကြောင်း၊ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိနေသည့် သနပ်ခါးသည် အသားအရေအတွက်ကောင်းကျိုးပြုနိုင်ရုံမျှမကဘဲ ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်နေကြောင်း အသိအမှတ်ပြုထားသဖြင့် မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက မြန်မာ့သနပ်ခါးကိုဆေးဝါးအဖြစ် ထုတ်လုပ်ကာ တိုင်းရင်းဆေးမှတ်ပုံတင်ပြီး တရားဝင်ဖြန့်ဖြူးရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

(၃၃၆)

## ကြည်နူးစရာ တို့တောရွာ

\- စိမ်းညို့ညို့ တောင်တန်းပြာ
အနောက်မှာ ရှုမျှော်ခင်း၊
နေညိုချိန် ကြည့်မဝ
တောကမြင်ကွင်း။

\- ငယ်ပေါင်းဆွေ ဖော်တစ်သင်း
နွားကျောင်းရင်း သီချင်းဆို
သစ်ပင်ရိပ်ခို၊
ပလွေသံက နားဝင်ချို
ကြားသူကို စိတ်ပျော်မြူး၊
တို့ရိုးရာ ဂီတအစစ်မို့
နှစ်သက်ကြည်နူး။

\- တောပန်းတွေ အတူခူးလို့
မြော်ဖူးဖို့ ရောက်ခဲ့ပြီ၊
စေတနာ သဒ္ဓါမြတ်
ပန်းကပ်လှူမည်၊
ရွာဦးက ထုံးစေတီ
ကြည်ညိုဖွယ် အလွန်ကောင်း၊
ဆည်းလည်းသံ လွင်လွင်လေးက
အေးမြနေကြောင်း။ ။

**မောင်လူစိုး**

# မိုင်းယောင်းမြို့နယ် ဟိုနားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းယောင်း ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဟိုနားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစံလင်းနှင့် တာဝန်ရှိသူများက ဟိုနားကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဟိုနားကျေးရွာ၌ လမ်းအရှည် ၄၆၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၁ ဒသမ ၃၆ သန်းဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးဖြစ်၍ ကျေးရွာရှိ ဒေသခံပြည်သူများ ရာသီမရွေးအဆင်ပြေလွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ကြောင်း ခေတ္တခရိုင်ဦးစီးမှူး ဦးစံလင်းက ပြောပြ၍ သိရသည်။

**မောင်ခိုင်**



# ငပဲမြို့နယ် သရက်ပင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ငပဲ ဒီဇင်ဘာ ၂၅**

ငပဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဌာနခွင့်ပြုရန်ပုံငွေဖြင့် ငပဲမြို့နယ် သရက်ပင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ငပဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့် အင်ဂျင်နီယာများက တင်ဒါအောင်မြင်သော ခိုင်ခံ့မြေကုမ္ပဏီမှတာဝန်ရှိသူများ၊ သရက်ပင်ကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်အသုံးပြုနိုင်ရေး တန်ပိုယာဉ်များဖြတ်သန်းမှုကို စနစ်တကျစိစစ်ရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

ငပဲမြို့နယ် သရက်ပင်ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေကိုးလက်မ ကျောက်ရောမြေခင်းခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ အရှည် ၁၈ ပေ၊ အကျယ် ခြောက်ပေ၊ အမြင့်ခြောက်ပေရှိ Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ခိုင်ခံ့မြေကုမ္ပဏီက ဇွန် ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ သရက်ပင်ကျေးရွာရှိ ဒေသခံတောင်သူများ၏ လယ်ယာ ၁၃၅ ဧကတွင် စိုက်ပျိုးထားသော စပါး၊ နှမ်း၊ ပဲမျိုးစုံနှင့် အခြားသီးနှံထွက်ကုန်များကို ရာသီမရွေး သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ပြီး အိမ်ခြေ ၇၇ အိမ်၊ လူ ၃၂၂ ဦးကို အကျိုးပြုနိုင်ကြောင်း ငပဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အထွေး**

# မကွေးမြို့နယ် ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မကွေး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက် ၉ နာရီက ညောင်ပင်သာကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းရန်ပုံငွေစာရင်းဇယားများကို စနစ်တကျမှတ်တမ်းပြုစုထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ညောင်ပင်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉၉ ဦးကို ငွေကျပ် ၄၃၇ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၉ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ခုနစ်သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ခြောက်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၁၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆၀ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# အထည်အလိပ်ပို့ကုန်များ ကျဆင်းလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ

မောင်စိန်အိ(နဘဲမြေ)

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် သဘာဝဘေးအန္တရာယ်များနှင့်ပြည်တွင်းပဋိပက္ခများကြားမှပင်လျှင် အာရှကျားများနှင့်အပြိုင် စီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ကြဉ်းနိုင်ခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များမှသည် ၁၉၈၀ ပြည့်လွန်နှစ်များထိ စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးခဲ့သည်။ ထိုစဉ်က နှစ်စဉ်ပျမ်းမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နှစ်ရာခိုင်နှုန်းခန့်သာရှိခဲ့သည်။ သို့သော် တိုင်းပြည်၏ စီးပွားရေးကို စိုက်ပျိုးရေးလုပ်ငန်းမှသည် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအလေးထားဆောင်ရွက်ခဲ့သောကြောင့် ၂၀၀၄ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း လေးရာခိုင်နှုန်းကျော်လာခဲ့သည်။

ထို့ကြောင့် ၂၀၀၆ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ပါကစ္စတန်နှင့် နှိုင်းယှဉ်ရာတွင် ပိုမိုလာခဲ့ပြီး ၂၀၁၁ ခုနှစ်မှစ၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ်ထိ နှစ်စဉ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ခြောက်ရာခိုင်နှုန်းကျော်ရှိခဲ့သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် ၁၉၇၀ ပြည့်လွန်နှစ်များတွင် ၆၀ ရာခိုင်နှုန်းကျော်ရှိခဲ့ရာမှ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ၃၀ ရာခိုင်နှုန်းခန့်သာရှိခဲ့ပြီး မကြာသေးမီနှစ်များတွင် ၁၂ ရာခိုင်နှုန်းခန့်သာရှိတော့သည်။ သို့သော် စက်မှုလုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများတွင် သိသိသာသာမြင့်တက်လာခဲ့သည်။ လက်ရှိအချိန်တွင် စက်မှုလုပ်ငန်းသည် တိုင်းပြည် GDP စုစုပေါင်း၏ ၃၃ ရာခိုင်နှုန်းရှိပြီး ဝန်ဆောင်မှုလုပ်ငန်းသည် ၅၅ ရာခိုင်နှုန်းထိရှိသောကြောင့် အများဆုံးရပ်တည်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၁၉၈၀ ပြည့်လွန်နှစ်များတွင် ဝန်ဆောင်မှုလုပ်ငန်းများ စတင်လုပ်ဆောင်လာခဲ့ပြီး ၁၉၉၀ ပြည့်လွန်နှစ်များတွင် လွတ်လပ်စွာကုန်သွယ်မှုကျင့်သုံးခဲ့ရာ ဝန်ဆောင်မှုလုပ်ငန်းများမှ တိုင်းပြည်စီးပွားရေးကို များစွာအထောက်အကူပြုခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ဝန်ဆောင်မှုလုပ်ငန်းတိုးတက်လာခြင်းသည် လက်လီ၊ လက်ကားကုန်သွယ်မှု၊ ပို့ဆောင်ရေး၊ ကုန်စည်သိုလှောင်ခြင်းနှင့်ဆက်သွယ်ရေးတို့အပြင် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများတွင် အောင်မြင်မှုရရှိခဲ့သောကြောင့်ဖြစ်သည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ၁၀ နှစ်တာ စီးပွားရေးဆိုင်ရာကိန်းဂဏန်းအချက်အလက်များကို လေ့လာစစ်တမ်းကောက်ယူခဲ့ရာတွင် စိုက်ပျိုးရေးလုပ်ငန်းသည် ၃ ဒသမ ၂၀ ရာခိုင်နှုန်း၊ ဝန်ဆောင်မှု လုပ်ငန်းသည် ၆ ဒသမ ၁၇ ရာခိုင်နှုန်းနှင့် စက်မှုလုပ်ငန်းများသည် ၇ ဒသမ ၄၉ ရာခိုင်နှုန်းအသီးသီး တိုးတက်မှုရှိခဲ့သောကြောင့် စက်မှုလုပ်ငန်းသည် ဝန်ဆောင်မှုလုပ်ငန်းထက် ပိုမိုတိုးတက်လာခဲ့သည်။ တိုင်းပြည် GDP တွင် ဝန်ဆောင်မှုလုပ်ငန်းမှ တန်ဖိုးမြင့်တင်မှုလုပ်ငန်းသည် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ၂ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် တိုးတက်မှုအားကောင်းခဲ့ပြီး လွန်ခဲ့သောနှစ် ၂၀ ကျော်ကာလအတွင်း တရိပ်ရိပ်တိုးတက်လာခဲ့ရာ စက်မှုလုပ်ငန်းများတွင် ဦးဆောင်မှုနေရာရပ်တည်ခဲ့သည်။ ကမ္ဘာ့ဘဏ်စာရင်းအင်းများ၏ အဆိုအရ အသင့်ချုပ်လုပ်ပြီးသော အဝတ်အထည် (RMG) ကဏ္ဍသည် ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် အဓိကအရေးပါလျက်ရှိပြီး အထည်အလိပ်နှင့် အဝတ်အထည်လုပ်ငန်းသည် တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်သည့်ကဏ္ဍတွင် စုစုပေါင်း ၅၇ ရာခိုင်နှုန်းခန့်ပါဝင်လျက်ရှိသည်။ သို့သော် နည်းပညာအခြေခံသော တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်မှုသည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ၂၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ခုနစ်ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့သည်။

RMG ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည်



တိုင်းပြည်၏ ဟန်ချက်ပျက်နေသော ကုန်သွယ်မှုပုံစံနှင့်လည်း တိုက်ဆိုင်လျက်ရှိသည်။ RMG ပို့ကုန်များမှ ဝင်ငွေသည် ပြည်ပပို့ကုန်များမှရငွေစုစုပေါင်း၏ ၈၄ ရာခိုင်နှုန်းထိရှိခဲ့ပြီး RMG ပို့ကုန်များမှ ရရှိငွေသည် ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆ ဘီလီယံရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၃၃ ဒသမ ၁ ဘီလီယံထိရှိခဲ့သောကြောင့် နှစ်စဉ်တိုးတက်မှု ခုနှစ်ရာခိုင်နှုန်းထိရှိခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သောကုန်ကြမ်းများတင်သွင်းခြင်းမှသည် ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သောကုန်ကြမ်းပစ္စည်းများပြောင်းလဲတင်သွင်းလာသည့်တိုင်အောင် RMG အပေါ်များစွာမှီခိုရလျက်ရှိသော ပြည်ပပို့ကုန်အခြေခံသည့် ဘင်္ဂလားဒေ့ရှ်၏ စက်မှုလုပ်ငန်းသည် စီးပွားရေးဆိုင်ရာ စွန့်စားရမှုများမြင့်တက်လာခဲ့သည်။ သံမဏိ၊ ဓာတုပစ္စည်းများ၊ ပို့ဆောင်ရေးဆိုင်ရာအသုံးအဆောင်များနှင့် အခြားသော ခေတ်မီထုတ်ကုန်များထုတ်လုပ်ခြင်းမရှိဘဲ RMG တစ်ခုတည်းအပေါ်တွင်သာမှီခိုနေခြင်းသည် တိုင်းပြည် GDP ၌ ပြည်ပပို့ကုန်မှ ဝင်ငွေရရှိမှုကို ၂၀၁၂ ခုနှစ်တွင် ၂၀ ဒသမ ၂ ရာခိုင်နှုန်းမှ ၂၀၂၂ ခုနှစ်တွင် ၁၀ ဒသမ ၇ ရာခိုင်နှုန်းသို့ ကျဆင်းလာစေခဲ့သည်။

ပထမဆုံးစိုးရိမ်ပူပန်စရာအချက်မှာ ဘင်္ဂလားဒေ့ရှ်က ထုတ်လုပ်သော RMG များ ကမ္ဘာ့ဈေးကွက်ရရှိရေးပင်ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကဲ့သို့ မမျှော်လင့်သော အကျပ်အတည်းများကြုံတွေ့လာရသည့်အချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ထိလွယ်ရှလွယ်ဖြစ်နေသည်။ အကြောင်းမှုကား ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အရည်အသွေးနိမ့်သည့် တန်ဖိုးနည်းအဝတ်အထည်များကိုသာ ထုတ်လုပ်လျက်ရှိသည့်အတွက် အခြားသောအရည်အသွေးမြင့်ထုတ်ကုန်များနှင့်နှိုင်းယှဉ်လျှင် ဈေးကွက်ရရှိနိုင်မှုအလားအလာနည်းပါးလာသောကြောင့်ဖြစ်သည်။

အထူးသဖြင့် ၂၀၁၉ ခုနှစ် နှောင်းပိုင်းတွင် အထည်ချုပ်လုပ်ငန်း၌ တိုးတက်မှုကျဆင်းလာခဲ့သည်။ ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် အသွားအလာကန့်သတ်လိုက်သည့်အချိန်တွင် အမှာစာများဖျက်သိမ်းမှုနှင့် ငွေပေးချေမှုများ နှောင့်နှေးခြင်းစသည့်ပြဿနာများကို စတင်ရင်ဆိုင်ခဲ့ရသည်။ ထို့ပြင် ရုရှား-ယူကရိန်းပဋိပက္ခကြောင့်လည်း အထည်ချုပ်လုပ်ငန်းများသည် ပြည်ပဝယ်လက်များ ကျဆင်းလာခဲ့ပြီး RMG အမှာစာများလည်း လျော့နည်းလာခဲ့သည်။

ဒုတိယအချက်မှာ ဗီယက်နမ်၏ပြည်ပပို့ကုန်တိုးချဲ့လာမှုသည် အထည်အလိပ်လုပ်ငန်းတွင် ဈေးကွက်ပြိုင်ဆိုင်မှုပြင်းထန်လာခဲ့သည်။ ဆိုရလျှင် ဘင်္ဂလားဒေ့ရှ်သည် ၎င်း၏ RMG များ ၈၀ ရာခိုင်နှုန်းကျော်ကို ဥရောပနှင့်မြောက်အမေရိကရှိ ဈေးကွက်များသို့ တင်ပို့လျက်ရှိသည်။ သို့သော် ဗီယက်နမ်နှင့် EU တို့ကြား ကုန်သွယ်ရေးဆိုင်ရာ အထူးအခွင့်အလမ်းများ သဘောတူညီထားသောကြောင့် ဘင်္ဂလားဒေ့ရှ်၏ RMG များ ဥရောပသို့ တင်ပို့နိုင်မှုကျဆင်းလာနိုင်သည့်အပြင် အမေရိကန်ကလည်း တရုတ်ထုတ်ကုန်များထက် ဗီယက်နမ်ထုတ်ကုန်များကို အစားထိုးတင်သွင်းလာလျက်ရှိသောကြောင့် ဘင်္ဂလားဒေ့ရှ်၏ RMG များကို တင်ပို့ရန် အခွင့်အလမ်းနည်းပါးလာပြီဖြစ်သည်။ အမေရိကန်သို့ ဗီယက်နမ်မှအထည်အလိပ်တင်သွင်းမှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတင်သွင်းမှုထက် ၂ ဒသမ ၅ ဆကျော်ရှိနေသည်။

တတိယအချက်မှာ လောင်စာဆီဈေးနှုန်းမြင့်တက်လာခြင်းသည် RMG လုပ်ငန်းအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုပင်ဖြစ်ပြီး လောင်စာဆီဖိုးသည် အထည်အလိပ်ထုတ်လုပ်သည့်ကုမ္ပဏီများအတွက် ကုန်ကျစရိတ်စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကျော်ရှိနေသည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်၏ စီးပွားရေးဖောင်းပွမှုသည် RMG လုပ်ငန်းများအပေါ် ဖိအားပိုမိုဖြစ်ပေါ်စေလျက်ရှိပြီး ကုန်ထုတ်လုပ်မှုပိုမိုကြီးမြင့်လာကာ နိုင်ငံတကာဈေးကွက်တွင်လည်း ဈေးနှုန်းရရှိမှုကျဆင်းလာခဲ့သည်။

အမှန်တော့ လုပ်သားဈေးကွက်ပေါများသည့်ဒေသတွင်လည်ပတ်လျက်ရှိသော RMG လုပ်ငန်းသည် ကျွမ်းကျင်မှုမရှိသောအလုပ်သမားများအပေါ်တွင်သာ တည်မှီရလျက်ရှိသောကြောင့် ရေရှည်တွင်လုပ်ငန်းလည်ပတ်နိုင်မည်မဟုတ်ချေ။ နောက်ဆုံးအချက်မှာ တိုင်းပြည်၏ အခြေခံအဆောက်အအုံပြဿနာများနှင့် ဒေသခံကုမ္ပဏီများ များပြားလာခြင်းသည် ကြီးမားသောအန္တရာယ်နှင့်နီးကပ်လာနေပြီဖြစ်သည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်တွင် ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အတွင်း အထည်ချုပ်စက်ရုံများမီးလောင်ခဲ့သော ဖြစ်စဉ်သည် အထည်ချုပ်လုပ်ငန်းရှင်များကို တုန်လှုပ်ချောက်ချားမှုဖြစ်ပေါ်စေခဲ့ပြီး ပြည်ပဝယ်လက်များအနေဖြင့်လည်း ဖက်ရှင်ဒီဇိုင်းပိုင်းဆိုင်ရာတိုးတက်မှုမရှိသဖြင့် ဘင်္ဂလားဒေ့ရှ်မှ အထည်အလိပ်များမှာယူမှုကို လျှော့ချခဲ့ကြသည်။

လတ်တလောအချိန်တွင် စီးပွားရေးလုပ်ငန်းများဆုတ်ယုတ်လာခြင်းနှင့် အရင်းအနှီးများခက်ခဲလာခြင်း၊ အထူးသဖြင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အရင်းအနှီးများလိုအပ်လာခြင်းသည် RMG ထုတ်လုပ်မှုနှင့် ပြည်ပပို့ကုန်တင်ပို့ရေးတို့တွင် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ရသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲလာမှုကြောင့် ကမ္ဘာ့ဝယ်လက်များသည် အရည်အသွေးပိုမိုကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်သောထုတ်ကုန်များကို ရွေးချယ်လာကြသည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် RMG ထုတ်လုပ်မှုတွင်သုတေသနလုပ်ငန်းများလုပ်ဆောင်ရန်ပျက်ကွက်လာခြင်းသည် ပြည်ပပို့ကုန်ကျဆင်းလာစေပြီး တိုင်းပြည်စီးပွားရေးတိုးတက်မှုကိုလည်း ထိခိုက်လာစေလျက်ရှိသည်။

**ကိုးကား**

**Impacts of garment industry focus in Bangladesh by Asia Times.**

# မတ္တရာမြို့နယ် ပန်းယုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မတ္တရာ ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ပန်းယုကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ပန်းယုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်း ရေရှည်အသုံးပြုနိုင်ရေး ဆွေးနွေးမှာကြားသည်။

ပန်းယုကျေးရွာ၌ လမ်းအရှည် ၇၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်က ပြောပြ၍ သိရသည်။



**ကျော်ရိုး**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၈၇၆၉ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၈၇၆၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်စိုက်ပျိုးမှုကို အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၇၆၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ငရုတ်စိုက်ပျိုးမှုတွေကတော့ တိုးတက်လာပြီ။ ဒါကြောင့် ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးဖို့ ဒီနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ တိုးချဲ့ စိုက်ပျိုးသွားမှာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးဝင်းလှိုင်ဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် ငရုတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ဧက ၃၀၊ တမူးခရိုင်တွင် ၁၈၆ ဧက၊ ကလေးခရိုင်တွင် ၆၂ ဧက၊ ခန္တီးခရိုင်တွင် ဧက ၄၀၊ ဟုမ္မလင်းခရိုင်တွင် ၁၀၅ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၃၃ ဧက၊ မုံရွာခရိုင်တွင် ၁၃၆၆ ဧက၊ ယင်းမာပင်ခရိုင်တွင် ၂၅၃၆ ဧက၊ ရွှေဘိုခရိုင်တွင် ၈၅၈ ဧက၊ ရေဦးခရိုင်တွင် ၈၈၈ ဧက၊ စစ်ကိုင်းခရိုင်တွင် ဧက ၂၁၆၀၊ ကသာခရိုင်တွင် ၄၃၂ ဧက၊ ကောလင်းခရိုင်တွင် ၇၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ငရုတ် စိုက်ပျိုးသူများအနေဖြင့် ငရုတ်အထွက်နှုန်း ကောင်းမွန်ရန်၊ ဈေးကွက်လည်းရရှိရန်၊ စိုက်ပျိုးနည်းစနစ် နည်းပညာပေးခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်း၊ မြေဆီလွှာ အာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

## ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ရွာသစ်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၄ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းနည်းပြက သင်တန်းတွင် သင်ကြားပေးခဲ့သည့် ဘာသာရပ်များကို လက်တွေ့နယ်ပယ်တွင် အသုံးချ ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်က သင်တန်းထူးချွန်ဆုရရှိသူ သင်တန်းသူ တစ်ဦးအား အပ်ချုပ်စက်တစ်လုံး ပေးအပ်ချီးမြှင့်ခဲ့ပြီး တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ပဲခူးမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက ဒီဇိုင်းဘာသာရပ်ခုနစ်မျိုးကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၂၄ ရက်ထိ စာတွေ့၊ လက်တွေ့ တစ်လကြာ အခမဲ့ သင်ကြား ပို့ချပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့် ဝန်ထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ကိုညို**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ဂေဟစနစ်ကိုအနှောင့်အယှက်ဖြစ်စေသည့် အလင်းညစ်ညမ်းမှု

မေဇင်ထွန်း

အလင်းညစ်ညမ်းမှုသည် ပြင်ပအလင်းရောင်များကြောင့် အဓိကဖြစ်ပေါ်လာရခြင်းဖြစ်သည်။ အလင်းရောင်ညစ်ညမ်းမှုသည် စကြဝဠာ၏မြင်ကွင်းကိုဖုံးကွယ်ကာ စွမ်းအင်သုံးစွဲမှုများ တိုးလာစေခြင်းကြောင့် နက္ခတ္တဗေဒဆိုင်ရာ သုတေသနလုပ်ငန်းများကို အနှောင့်အယှက်ပေးနေသည်ကိုတွေ့ရသည်။ သဘာဝမဟုတ်သော အလင်းရောင်များသည် ဂေဟစနစ်ကို အနှောင့်အယှက်ပေးကာ လူနှင့်တောရိုင်းတိရစ္ဆာန်များ၏ ကျန်းမာရေးနှင့်ဘေးကင်းမှုကို ဆိုးရွားစွာထိခိုက်စေသည်။ အလင်းညစ်ညမ်းမှုအများစုသည် ပြင်ပအလင်းရောင်များ၊ ကြော်ငြာများနှင့် လမ်းမီးများအပြင် တာဝါတိုင်များကဲ့သို့ ကြီးမားသည့်အဆောက်အအုံများမှထွက်သော အလင်းရောင်များဖြစ်သည်။ အလင်းညစ်ညမ်းမှု၏အဓိကပုံစံမှာ တောက်ပခြင်း၊ အလင်းပြန်ခြင်းနှင့် စူးရှခြင်းတို့ဖြစ်သည်။

အလင်းညစ်ညမ်းမှုသည် ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းကြောင့်ဖြစ်ပြီး ၎င်းကာဗွန်ကြောင့် လေထုညစ်ညမ်းမှုများဖြစ်လာသည့်အတွက် ကမ္ဘာမြေကြီးအပေါ် သက်ရောက်မှုရှိသည်ကို တွေ့ရသည်။အလင်းညစ်ညမ်းမှုသည် အဓိကအားဖြင့် လူလုပ်အလင်းရောင်များကြောင့်ဖြစ်ပြီး ပတ်ဝန်းကျင်၏ သဘာဝအလင်းရောင် ပြောင်းလဲစေသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် မြို့တစ်မြို့ကထွက်သည့် သဘာဝမဟုတ်သော လူလုပ်အလင်းရောင်အားလုံးသည် အလင်းနှင့်အမှောင်ကျသည့်ပုံစံကို ပြောင်းလဲစေသည်။ လင်းထိန်နေသော လူလုပ်အလင်းရောင်များအောက်တွင် လူသားတို့သည် ညဘက်၌ အပြင်မထွက်ကြတော့ချေ။ ထို့ပြင် ညအလင်းရောင်ကို မှီခိုနေရသောအပင်များ သို့မဟုတ် တိရစ္ဆာန်များသည်လည်း ညအလင်းရောင် ကောင်းစွာမရရှိသည့်အခါ ပျက်စီးခြင်းနှင့်ရင်ဆိုင်ကြရသည်။ သဘာဝအလင်းရောင်ကို ထိန်းသိမ်းသင့်သည့် အရေးကြီးသော အကြောင်းရင်းများစွာရှိပါသည်။

**အရေးကြီးသည့်သဘာဝအလင်းရောင်ကိုထိန်းသိမ်းခြင်း**

သိပ္ပံပညာသည် အမှောင်ထုကို လင်းလက်စေမည့်နည်းလမ်းများကို ဖန်တီးကာ အရှိန်အဟုန်ပြင်းစွာ လုပ်ဆောင်နေသော်လည်း ပတ်ဝန်းကျင်၏သဘာဝအလင်းရောင်သည် သဘာဝမဟုတ်သော အလင်းကြောင့် ပြောင်းလဲလာသည်။ ထိုသို့ပြောင်းလဲခြင်းသည် အပင်၊ တိရစ္ဆာန်နှင့် သဘာဝသက်ရှိများအပေါ် ဆိုးရွားသော သက်ရောက်မှုများ ရှိနိုင်သည်ကို တွေ့ရသည့်အပြင် ရာသီဥတုကိုပင် ထိခိုက်နိုင်သည်။ သဘာဝကမ္ဘာကြီးသည် နေ၏အလင်းရောင်ပုံစံများကို သဘာဝအတိုင်းတုံ့ပြန်လေ့ရှိပြီး ရာသီဥတုများသည် ကမ္ဘာနှင့်နေ၏ အကွာအဝေးကြောင့် သဘာဝအတိုင်းဖြစ်ပေါ်လာရခြင်းဖြစ်သည်။ အလင်းများလွန်းခြင်း၊ အလင်းနည်းလွန်းခြင်း သို့မဟုတ် သဘာဝမဟုတ်သောအလင်းရောင်များရှိနေသောအခါ ကမ္ဘာပေါ်ရှိ သက်ရှိများသည် သဘာဝတရား၏ သဟဇာတဖြစ်မှု ဟန်ချက်ပျက်ယွင်းကာ ဇီဝဖြစ်စဉ်လည်ပတ်မှုများကို အနှောင့်အယှက်ဖြစ်စေသည်ကို တွေ့ရသည်။

**အလင်းညစ်ညမ်းမှု၏ ကွဲပြားခြားနားသောအမျိုးအစားများနှင့် အရင်းအမြစ်များ**

အလင်းညစ်ညမ်းမှု၏ အရင်းအမြစ်များနှင့် အမျိုးအစားများစွာရှိပါသည်။ အလင်းညစ်ညမ်းမှုဆိုသည်မှာ လူလုပ်မီးများ အလွန်အကျွံလွှမ်းမိုးခြင်းကြောင့် သဘာဝအတိုင်းမြင်နိုင်သော အလင်းရောင်များတွင် အနှောင့်အယှက်များဖြစ်ခြင်းပင်ဖြစ်သည်။ (ဥပမာ-မြို့ပြနှင့်မြို့တွင်းမီးများ)။ မြို့တွင်းမီးများသည် သဘာဝအလင်းရောင်ကို ဖယ်ထုတ်ပြီး ၎င်း၏အတုအယောင်မီးများဖြင့် အစားထိုးလာသည်။ မမြင်နိုင်သော အလင်းအပြောင်းအလဲများလည်းရှိပြီး ၎င်းမမြင်နိုင်သောအလင်းကို ရေဒီယိုလှိုင်းရောင်စဉ်တွင် တွေ့နိုင်သည်။ အလင်းညစ်ညမ်းမှုအမျိုးအစားများကို ဆိုရလျှင် အောက်ပါအတိုင်းဖြစ်သည်-

**လင်းထိန်လွန်းခြင်း**

မီးလုံးများကို မလိုအပ်ဘဲအလွန်အကျွံသုံးစွဲခြင်းကြောင့် လင်းထိန်လွန်းခြင်း(Over-illumination) ဖြစ်လာသည်။ နေ့အလင်းရောင်ကို ချွေတာချိန်တွင် လင်းထိန်နေသောလမ်းမီးများ လွန်ကဲစွာသုံးစွဲခြင်းက လောင်စာဆီ စည်သန်းပေါင်းများစွာကို အလဟဿဖြစ်စေနိုင်သည့်အပြင် ကုန်ကျစရိတ်များကို မြှင့်တင်ပေးသကဲ့သို့ဖြစ်နေသည်ကို တွေ့ရသည်။ ထို့ပြင် လူသားနှင့် တိရစ္ဆာန်တို့၏ သဘာဝအိပ်စက်မှုပုံစံများကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။

**လွန်ကဲစွာတောက်ပခြင်း**

လွန်ကဲစွာတောက်ပခြင်းကြောင့် ပတ်ဝန်းကျင်တွင် မီးရောင်များကို ထင်ဟပ်စေသည့်အပြင် အလင်းများပြန့်ကျဲသွားမှုသည် အမြင်အာရုံ ပြဿနာများကို ဖြစ်စေသည်။ တောက်ပခြင်းသည် ညဘက်အမြင်အာရုံကို အနှောင့်အယှက်မပေးသော်လည်း အရာဝတ္ထုများကို ခွဲခြားသတ်မှတ်ရာတွင် ခက်ခဲစေသည်။



**အလင်းများရောထွေးခြင်း**

အလင်းရောထွေးမှုသည် လူတို့ပြုလုပ်သည့် ထူးခြားသောပြဿနာတစ်ရပ်ပင်ဖြစ်ပြီး လမ်းမီးများ၊ လူနေအိမ်များတွင် တပ်ဆင်ထားသည့် မီးများနေရာချထားမှုပုံစံညံ့ဖျင်းခြင်းကြောင့်ဖြစ်သည်။ လုပ်ငန်းသုံးမီးလုံးများ သို့မဟုတ် လမ်းမီးများသည် ညမြင်ကွင်းနှင့် သဘာဝအလင်းရောင်ကို အနှောင့်အယှက်ဖြစ်စေကာ ဆန့်ကျင်ဘက်အလင်းရောင်ကို ဖန်တီးနိုင်သည်။ အလင်းများရောထွေးခြင်းသည် တိရစ္ဆာန်များ၏ သဘာဝညအချိန်စနစ်များကို ဖယ်ရှားပစ်နိုင်သည့်ထိ လုံလောက်စွာအားကောင်းနေသည်ကို တွေ့ရသည်။

**ကောင်းကင်ယံထိန်လင်းနေခြင်း**

မြို့ပြဒေသများမှ ထွက်ရှိလာသောအလင်းသည် ကောင်းကင်ယံတွင် အလင်းအမိုးအကာများကဲ့သို့ဖြစ်နေသည်ကို တွေ့ရတတ်သည်။ လမ်းမီးများ၊ ဆိုင်းဘုတ်များ၊ အိမ်များနှင့် စီးပွားရေးလုပ်ငန်းများမှထွက်ရှိလာသော အလင်းရောင်သည် လေထုအတွင်းရှိ အလင်းအရည်အသွေးကိုပြောင်းလဲစေကာ ပြောင်းလဲသွားသည့်ထိုအလင်းများသည် လေထုထဲမှ မြို့ထဲသို့ ပြန်ဆင်းလာသည်။ ထိုသို့သော ဖြစ်စဉ်များသည် တဖြည်းဖြည်းကြီးထွားလာသောအခါ ညဘက်တွင် လေယာဉ်များသွားလာနိုင်မှုတို့ကို ထိခိုက်စေနိုင်သည်။

**အလင်းကျူးကျော်ဝင်ရောက်ခြင်း**

အလင်းသည် ညစ်ညမ်းမှုပုံစံဖြင့်သာမက တစ်စုံတစ်ဦး၏ ပိုင်ဆိုင်မှုအတွင်းသို့ ဝင်ရောက်လာသောဖြစ်ရပ်များလည်းရှိသည်။ ဆိုလိုသည်မှာ မလိုလားအပ်သော အလင်းရောင်များ ဥပမာဆိုရသော် လူနေရပ်ကွက်အတွင်း ချိတ်ထားသည့်ဆိုင်းဘုတ်မှထွက်သော အလင်းရောင်သည် နေအိမ်များသို့ ဝင်ရောက်ခြင်း၊ အခြားသောအိမ်မှထွန်းထားသော လင်းလွန်းသည့် အိမ်တွင်းမီးသည် အိပ်စက်နေသောမိမိနေအိမ်အတွင်းသို့ ဝင်ရောက်လာခြင်းစသောအခြေအနေမျိုးတွင် အလင်းကျူးကျော်ဝင်ရောက်ခြင်းဖြစ်နိုင်သည်။

**အလင်းညစ်ညမ်းမှုဖြစ်စေသော အကြောင်းရင်းများ**

အလင်းညစ်ညမ်းခြင်း၏ အဓိကအကြောင်းရင်းများမှာ-

**စီမံခန့်ခွဲမှုညံ့ဖျင်းသောစီမံကိန်း**

ဆိုင်းဘုတ်များနှင့် လမ်းမီးများ နေရာချထားခြင်းကို သက်ဆိုင်ရာတာဝန်ရှိသော အင်ဂျင်နီယာများက စီစဉ်သတ်မှတ်ပေးရလေ့ရှိသည်။ ပတ်ဝန်းကျင်၌ နေရာချထားရာတွင် အနီးအနားရှိ လူနေအိမ်များနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်မှုကို ထည့်သွင်းစဉ်းစားခြင်းမရှိပါက အလင်းရောင်ကျူးကျော်ဝင်ရောက်မှုများနှင့် အလင်းရောထွေးခြင်း ပြဿနာများကို ဖြစ်စေနိုင်သည်။

**တာဝန်မဲ့စွာအသုံးပြုခြင်း**

ခရစ္စမတ်မီးများကဲ့သို့ အလှဆင်မီးများသည် နှစ်သက်ဖွယ်ကောင်းသဖြင့် မိမိတို့၏ပွဲလမ်းများတွင် ထွန်းထားလေ့ရှိကြသည်။ ထိုသို့ အလှဆင်မီးများကို အသုံးပြုပြီးသည်နှင့် ပြန်မပိတ်ဘဲ တစ်ညလုံးထားခဲ့ခြင်းသည် အလင်းညစ်ညမ်းမှုကို ဖြစ်စေသည်။ ထို့အတူ လမ်းမီးတိုင်များပေါ်တွင် တပ်ဆင်ထားသော မီးများကိုလည်း အချိန်ကာလတစ်ခုသတ်မှတ်ကာ အဖွင့်၊ အပိတ်မလုပ်ခြင်းသည် တာဝန်မဲ့စွာအသုံးပြုခြင်းပင်ဖြစ်သည်။ ထို့ပြင် မလိုအပ်ဘဲ မီးများကိုအချိန်ကြာမြင့်စွာထွန်းထားခြင်းသည် စွမ်းအင်များကို အလဟဿဖြုန်းတီးရာလည်း ရောက်ပေသည်။

**လူဦးရေပေါက်ကွဲလာခြင်း**

လူဦးရေများ အဆမတန်ပေါက်ကွဲလာမှုသည် သတိပြုရမည့် ကိစ္စရပ်တစ်ရပ်ပင်ဖြစ်သည်။ လူဦးရေများ များပြားလာသောအခါ လုပ်ကိုင်ရန်လုပ်ငန်းများ၊ အစားအသောက်များနှင့် လူနေအိမ်များ ပိုမိုလိုအပ်လာသည်။ ထိုသို့နေထိုင်ရန် အခြေခံအဆောက်အအုံများနှင့် လူနေအိမ်များ များပြားလာလေ ထိုနေရာများတွင် နေထိုင်ရန် အလင်းများလိုအပ်လာလေဖြစ်သည်။ ဤသို့ဖြင့် မီးများအလွန်အကျွံသုံးစွဲမှုနှင့် လူဦးရေပေါက်ကွဲမှုသည် ဆက်စပ်မှုရှိနေသည်ကို တွေ့နိုင်သည်။

**အလင်းအလွန်အကျွံအသုံးပြုခြင်း**

အလင်းညစ်ညမ်းမှု၏အဓိကအကြောင်းရင်းများထဲမှ တစ်ခုမှာ လျှပ်စစ်အလင်းရောင်ကို အလွန်အကျွံသုံးစွဲခြင်းပင်ဖြစ်သည်။ လျှပ်စစ်မီးသည် ကုန်ကျစရိတ်သက်သာပြီး အချိန်ကြာသုံးစွဲမည်ဆိုပါက သင့်လျော်သည်။ ထို့အတွက်ကြောင့် လူများက လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ဂရုပြုမှုမရှိကြချေ။ လျှပ်စစ်ဓာတ်အားအလွန်အကျွံသုံးစွဲခြင်းသည် အထူးသဖြင့် ညအချိန်များတွင် အလင်းရောင်အလွန်အကျွံသုံးစွဲခြင်းကိုဖြစ်ပေါ်စေသည်။

**မီးနိုးမြူများနှင့် တိမ်များ**

မီးခိုးမြူများနှင့် တိမ်များသည် မြို့များမှ ထုတ်လွှတ်သော အလင်းရောင်ကို ရောင်ပြန်ဟပ်နိုင်ပြီး ပတ်ဝန်းကျင်ကို ပိုမိုတောက်ပစေကာ အလင်းရောင်ကို ညစ်ညမ်းစေသည်။

**ကားများနှင့် အခြားမော်တော်ယာဉ်များမှ မီးများ**

ကားများနှင့် အခြားယာဉ်များသည် အထူးသဖြင့် ညအချိန်များတွင် အလင်းရောင်ညစ်ညမ်းမှုပြဿနာကိုဖြစ်စေသည်။ အခြား အလင်းရင်းမြစ်များစွာမရှိသော နေရာများတွင် ယာဉ်များ၏ မီးရောင်များသည် အလွန်တောက်ပနေတတ်သည်။ ယာဉ်အသွားအလာထူထပ်သောလမ်းများအနီးတွင် လူများနေထိုင်ပါက ကားမီးရောင်သည် လူများ၏အိပ်စက်ခြင်းကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည်။

**လမ်းမီး၊ အိမ်များမှအလင်းရောင်နှင့် ကားဂိုဒေါင်မီးများ**

အိမ်များနှင့် နီးလွန်းသောနေရာတွင် ဆောက်ထားသော လမ်းမီးတိုင်များသည် အလင်းရောင်ကိုညစ်ညမ်းစေကာ လူကိုထိခိုက်စေနိုင်သည်။ လမ်းအစီအစဉ်များညံ့ဖျင်းမှုကြောင့်၊ ၎င်းသည် လူများ၏အိပ်စက်ခြင်းကို ဆိုးရွားသောပုံစံဖြင့် ထိခိုက်စေနိုင်သည်။ အိမ်နီးနားချင်းသည် ညဥ့်နက်ထိပင် အိမ်တွင်မီးများကိုထွန်းထားသောကြောင့် မိမိကိုပါအလင်းရောင်ညစ်ညမ်းမှုဖြစ်နိုင်သည်။ ညအချိန်တွင် ကားဂိုဒေါင်မီးဖွင့်သောအခါ အနီးနားရှိအိမ်များသို့ရောက်ရှိပြီး လူများကိုထိခိုက်စေသည်။ ဂိုဒေါင်မီးအိမ်များသည် အလင်းရောင်ညစ်ညမ်းမှု၏ နောက်ထပ်အရင်းအမြစ်တစ်ခုဖြစ်သည်။

**မြို့လယ်ဧရိယာများ**

မိုးမျှော်တိုက်များရှိသော မြို့လယ်ဧရိယာများသည် အများအားဖြင့် အလင်းရောင်ကောင်းစွာရရှိအောင် ကြီးမားသောအလင်းပမာဏကို ထုတ်လွှတ်သည်။ မီးလုံးအများအပြားသည် ယာဉ်ကြောပိတ်ဆို့မှုကိုပါ ဖြစ်စေသည်။

**အလင်း၏သက်ရောက်မှုများ**

မှားယွင်းသောအလင်းရောင် သို့မဟုတ် အလွန်အကျွံအလင်းရောင်သည် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများနှင့် ဘဝအရည်အသွေးကို ကျဆင်းစေနိုင်သည်။

ထို့ပြင် မီးရောင်များသည် တိရစ္ဆာန်များနှင့် အင်းဆက်ပိုးမွှားများကိုဆွဲဆောင်ကာ သေကျေပျက်စီးစေနိုင်သည်။ တိရစ္ဆာန်အများစုသည် အလင်းညစ်ညမ်းမှုကြောင့် နေ့လယ်ဓာ သို့မဟုတ် ညအချိန်စနစ်များကို ကမောက်ကမဖြစ်စေသည်။ ဤသို့ဖြင့် အလင်းသည် မျိုးစိတ်တစ်ခုလုံးကို အန္တရာယ်ဖြစ်စေနိုင်သည်။ ကမ္ဘာနှင့် ဂေဟစနစ်အပေါ် အလင်း၏သက်ရောက်မှုသည် သဘာဝအလင်းရောင်၏ လည်ပတ်မှုအပေါ် မူတည်သည်။ ဂေဟစနစ်များသည် ၎င်းတို့၏ပတ်ဝန်းကျင်ပြောင်းလဲမှုများအပေါ် အများအားဖြင့် မှီတည်နေပြီး လူတို့ဖန်တီးထားသောအလင်းရောင်ညစ်ညမ်းမှုမှ ဖြစ်ပေါ်လာသောအခြေအနေများသည် ဂေဟစနစ်နှင့် လိုက်လျောညီထွေမဖြစ်နိုင်ကြောင်း သိရသည်။

လူတို့သည် အများအားဖြင့် မှောင်မိုက်သော ပတ်ဝန်းကျင်တွင် အိပ်စက်ခြင်းကို နှစ်သက်ကြပြီး လုံလောက်သော အိပ်စက်ခြင်းသည် ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ကျန်းမာရေးအတွက် အရေးကြီးသည်။ လူအများစုက အိပ်နေသည့်အချိန်တွင် အလင်းရောင်များပြားစွာ ကျရောက်နေပါက အာရုံပျံ့လွင့်၍ စိတ်မသက်မသာဖြစ်တတ်ကြပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်သည် ပိုမိုတောက်ပသောအခြေအနေသို့ ပြောင်းလဲသောအခါတွင် လူများသည် ပြင်းထန်သောကျန်းမာရေးအခြေအနေများကိုဖြစ်ပေါ်စေနိုင်သည့် အိပ်စက်ခြင်းဆိုင်ရာ ပြဿနာများကို ခံစားရနိုင်ကြောင်း ရေးသားအပ်ပါသည်။

**What is the main cause of light pollution? ကို ဘာသာပြန်ဆိုပါသည်။**

# ဆောင်းရာသီ ရေချိုးမကြောက်သင့်

ပေါက်ပေါက်

ရှေးလူကြီးများက ရေချိုးချိန်ကို "နွေ ကိုး၊ မိုး တစ်ဆယ်၊ ဆောင်း ဆယ့်တစ်"ဟု ဆိုကြပါသည်။ ထို့ကြောင့် ဆောင်းရာသီ၌ နံနက် ၁၁ နာရီတွင် ရေချိုးခြင်းက သင့်တော်ပါသည်။ ချမ်းအေး၍ ရေချိုး ရခက်နေပါက ဦးစွာသွားတိုက်ပါ။ ပြီးမှရေချိုးပါ။ သွားတိုက်နေစဉ် လည်ကုပ်နွေး၊ ချိုင်းပူသွားသဖြင့် ရေချိုးရသည်မှာမချမ်းတော့ပါ။ အအေးကြောက်သူ များက ရေနွေးပူစပ်၍ ချိုးပေးနိုင်ပါသည်။ သို့သော် ရာသီဥတုမည်မျှအေးပါစေ ရေနွေးနှင့် ခေါင်းမလျှော် သင့်ပေ။ မိမိခန္ဓာကိုယ်တွင်းအပူချိန်ထက် ပို၍ပူသော ရေနွေးဖြင့် ခေါင်းလျှော်ခြင်းက ဆံသားကိုကာကွယ် ပေးသော သဘာဝအဆီဓာတ်ကို ဆုံးရှုံးသွားကာ ဆံသားများ ခြောက်သွေ့မာဆတ်လာစေပါသည်။ ထို့ပြင် ရေနွေးဖြင့်ခေါင်းလျှော်ခြင်းက မျက်စိကို ထိခိုက်စေပါသည်။

**ဆောင်းရာသီရေချိုးမကြောက်သင့်သောအကြောင်းရင်း**

ဆောင်းရာသီအအေးဓာတ်ကြောင့် ခန္ဓာကိုယ် ပြင်ပမှ အသားအရေက အေးနေသော်လည်း ခန္ဓာ ကိုယ်တွင်းအပူမှာ ရာသီဥတုမရွေး ခန္ဓာကိုယ် တွင်းအပူဓာတ် ရှိမြဲလျက်သာဖြစ်ပါသည်။ ဆောင်း ရာသီတွင် အအေးဒဏ်ကြောင့် ရေချိုးကြောက်သူများ သည် နေ့စဉ် ပုံမှန်ရေချိုးသူများထက် လေးလံထိုင်းမှိုင်း နေတတ်ပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ရေချိုးခြင်းက ခန္ဓာကိုယ်အတွင်းရှိ အပူအခိုးများကို ဖယ်ရှားလိုက်ပြီး စိတ်ကိုကြည်လင်လန်းဆန်းစေပါ သည်။ ချမ်းမှာကြောက်၍ ရေမချိုးသူများသည် ခန္ဓာ ကိုယ်တွင်းအခိုးငုပ်ခြင်း၊ မသန့်ရှင်းခြင်း၊ လေချုပ် ခြင်း၊ သွားနာခြင်း၊ မျက်စိဝေခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ခေါင်းမူးခေါင်းကိုက်ခြင်းများ ဖြစ်စေနိုင်ပါသည်။ ထို့ပြင် ဖျတ်လတ်သွက်လက်ခြင်းမရှိတော့ဘဲ ထိုင်းမှိုင်း မှုကို ဖြစ်စေနိုင်ပါသည်။

ထို့ကြောင့် ဆောင်းရာသီတွင် အသက်အရွယ် မရွေး ရေချိုးသင့်ပြီး ပုံမှန်ရေချိုးခြင်းကြောင့် အဆစ် အမျက်ကိုက်ခဲခြင်းနှင့် ဇက်ကြောတက်ခြင်းဝေဒနာ များမှလည်း ကာကွယ်ရာရောက်ပါသည်။ အကယ်၍ အလွန်ချမ်းအေးသောဒေသတွင် နေထိုင်သူဖြစ်ပါက မိမိနေထိုင်ရာပတ်ဝန်းကျင်၊ ရာသီဥတုအအေးဓာတ် ပိုသောနေ့ရက်ပေါ် မူတည်၍ တစ်ရက်ခြားတစ်ကြိမ် ခန့် ရေနွေးစပ်ပြီး ရေချိုးသင့်သလို ရေနွေးဖြင့် ရေချိုးခြင်းကလည်း အကြောအခြင်များကိုပြေစေကာ ညောင်းညာကိုက်ခဲမှုဝေဒနာများကို အမှန်တကယ်ပင် သက်သာပြေလျော့စေမည်ဖြစ်ပါသည်။ အထူးသတိပြု ရန်မှာ ရေချိုးပြီးသောအခါ မော်တော်ကားပြတင်း ပေါက်တံခါးကိုပိတ်၍စီးပါ။ အစားအစာများကိုလည်း ပူပူနွေးနွေးစားသင့်ပါသည်။

**ဆောင်းတွင်းရောဂါ ပြဿနာ**

ဆောင်းရာသီရောက်သည့်အခါ အအေးမိသဖြင့် ချောင်းဆိုး၊ အဆုတ်ပွ၊ ပန်းနာရင်ကျပ်၊ တုပ်ကွေး ဖျားနာနှင့် အပူကန့်လည်ချောင်းနာများကို ခံစားရ တတ်ပါသည်။

**အအေးမိ၊ နှာစေး၊ ချောင်းဆိုးခြင်းအတွက်**

ဆောင်းရာသီတွင် အမျိုးသား၊ အမျိုးသမီး အရွယ် သုံးပါးမရွေး အအေးမိ၊ နှာစေး၊ ချောင်းဆိုးခြင်းဝေဒနာ များ ကြုံရတတ်ပါသည်။ သို့သော် ကိုယ်ခံအားကောင်း နေပါက ထိုဝေဒနာများကို မကြုံတွေ့နိုင်ပေ။ ထို့ကြောင့်-

(က) ကိုယ်ခံအားတောင့်တင်းကြံ့ခိုင်စေရန်အတွက် ဗီတာမင်စီမြင့်မားစွာပါရှိသည့် မချိုသော လိမ္မော်သီး၊ သံပရာသီး၊ ရှောက်သီး၊ ဂရိတ် ဖရုသီး စသည့်အသီးများစားပေးပါ။

(ခ) မုန်လာဥနီ၊ မုန်လာဥဖြူ၊ ရွှေဖရုံသီး၊ ကန်စွန်းဥ၊ ရွက်စားမုန်လာ၊ စိမ်းစားဥ၊ အာဒါလွတ်ဥ၊ ကြက်သွန်နီ စသည့် မြေ အောက်မြစ်လျှောက် ဟင်းသီးဟင်းရွက် များစားပါ။

(ဂ) ငါး၊ အမဲသား၊ ရွှေဖရုံရွက်ညွန့်၊ မုန်လာရွက်၊ ဆန်လုံးညို၊ ရေနွေးကြမ်းလက်ဖက်ခြောက်၊ တလည်းသီး၊ မှိုစ်၊ ချဉ်ပေါင်ရွက်၊ ပန်းငရုတ် ပွသီး ခေါ် ငရုတ်ချို၊ ကျောက်ဖရုံသီး၊ ကြက်ဟင်းခါးသီး၊ ခရမ်းချဉ်သီး၊ စောင်း လျားသီး၊ ချဉ်စော်ကားသီး၊ ပြည်ပန်းညိုရွက်၊ ဒန့်သလွန်ရွက်၊ မဲဇလီဖူး၊ မဲဇလီရွက်တို့ သည်လည်း ဆောင်းတွင်းဓာတ်စာများဖြစ် ကြပါသည်။

(ဃ) အပူငြိမ်း ဝမ်းမှန်စေရန်အတွက် သင်္ဘောသီး မှည့်၊ ဖီးကြမ်းငှက်ပျောသီးမှည့်စားပါ။

(င) မန်ကျည်းမှည့်ဖျော်ရည်ထဲကို ဆား ထည့်သောက်ပါ။

(စ) ဗီတာမင်စီကြွယ်ဝပြီး အမျှင်ဓာတ်များသော ဂေါ်ဖီထုပ်ကို ဆောင်းရာသီဓာတ်စာ ဟင်းခါးပူပူလေးအဖြစ် မကြာခဏ ချက်သောက်ပါ။

**အဆုတ်ပွရောဂါအတွက်**

(က) ရေများများသောက်ပါ။

(ခ) ငှက်ပျောဖူးသည် ချွဲသလိပ်ပျော်ကျစေပြီး အသက်ရှူလမ်းကြောင်း ပွင့်စေပါသည်။

(ဂ) ပူပူစပ်စပ်စားပါ။ ငရုတ်သီး၊ ငရုတ်ကောင်းတို့ ၏ သဘာဝအပူဓာတ်က သွေးလည်ပတ် စီးဆင်းမှုကို အားကောင်းစေပြီး ရောဂါပိုးများ ဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးပါသည်။

(ဃ) တရုတ်နံနံပင်၊ ဟင်းနုနယ်ရွက်၊ မုန်လာဥနီ၊ ရွှေဖရုံသီး၊ ပန်းငရုတ်ပွသီး ခေါ် ငရုတ်ချို၊ ဘယ်ရီသီးအမျိုးမျိုး၊ လိမ္မော်၊ နာနတ်၊ ဂရိတ် ဖရုသီး၊ အစိမ်းရောင်ပဲသီးအမျိုးမျိုး၊ ပဲစေ့ များ၊ အခွံမာသီး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီအဖြူ၊ ပန်းဂေါ်ဖီစိမ်း (ဘရိုကိုလီ)၊ ကိုက်လန်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီများက အဆုတ်ကို အားကောင်းစေပါသည်။

**ပန်းနာရင်ကျပ်ရောဂါအတွက်**

(က) ပန်းနာရင်ကျပ်ဖြစ်ပါက မုန်ညင်းဆီကို ပရုတ်ဆီနှင့်ရော၍ ကျောနှင့်ရင်ဘတ်အနှံ့ စိမ့်ဝင်သွားအောင် ပွတ်နယ်လိမ်းပေးပါ။

(ခ) ဖျားရည်က ချွဲများကို ပျော်ကျစေပြီး အသက်ရှူလမ်းကြောင်းကို ပွင့်စေနိုင် သဖြင့် ဖျားရည်၏အနံ့ကို ရှူရှိုက်ပေးပါ။ ရေနွေးပူပူတစ်ခွက်ထဲတွင် ဖျားရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်း ရောဖျော်၍ တစ်နေ့သုံးကြိမ်သောက်ပါ။

(ဂ) ကြက်သွန်ဖြူ ၁၀ မွှာကို နွားနို့ ၃၀ မီလီ လီတာဖြင့်ပြုတ်၍ တစ်နေ့ တစ်ကြိမ် သောက်ပါ သို့မဟုတ် ရေနွေးဆူဆူတွင် ကြက်သွန်ဖြူ လေးမွှာခတ်၍ အချိန် ငါးမိနစ်ခန့်အအေးခံပါ။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သောက်ပေးခြင်းဖြင့် ပန်းနာရင်ကျပ်ရောဂါ သိသိသာသာ လျော့ကျစေပါသည်။



**ရာသီတုပ်ကွေးဖျားနာခြင်းအတွက်**

(က) ကြက်သားနှင့် ကြက်ရိုးစွပ်ပြုတ်ရည် က ကိုယ်ခံအားကောင်းစေရုံသာမက တုပ်ကွေးကြောင့် အအေးမိ၊ နှာစေး၊ ချောင်းဆိုးနှင့် ဖျားနာခြင်းအမျိုးမျိုးတို့ အတွက် အကောင်းဆုံးအိမ်တွင်းသမား တော်ဖြစ်ပါသည်။

(ခ) ကြက်သွန်ဖြူထဲတွင် Antiviral ခေါ် အအေးမိခြင်းကိုဖြစ်စေသော ဗိုင်းရပ်ပိုး များကို တားဆီးကာကွယ်နိုင်သည့် ဂုဏ် သတ္တိနှင့် Antibacterial ခေါ် ဗက်တီး ရီးယားပိုးမွှားများအန္တရာယ်မှ ကာကွယ် နိုင်သော သဘာဝစွမ်းအင်များ ပါရှိနေကြ ပါသည်။ ထို့ကြောင့် ထမင်းစားတိုင်း ကြက် သွန်ဖြူကို အနည်းဆုံး တစ်မွှာ ထည့်စား သင့်ပါသည်။

(ဂ) ဒိန်ချဉ်ထဲရှိ Probiotics ခေါ် ခန္ဓာကိုယ် အကျိုးပြုဗက်တီးရီးယားများက ကိုယ်ခံ စွမ်းအားကို တိုးတက်မြင့်မားလာ စေပါသည်။

(ဃ) ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်သော ဟင်းနုနယ်ရွက်၊ ပန်းဂေါ်ဖီစိမ်း(ဘရိုကိုလီ)၊ ဖရဲသီး၊ ဂရိတ်ဖရုသီးစားပါ။

(င) ကမာကောင် (မုတ်ကောင်) ကလည်း တုပ်ကွေးရောဂါကို ကောင်းကျိုးပြုပါသည်။

**ဆောင်းရာသီအပူကန့်လည်ချောင်းနာအတွက်**

(က) ချင်း(ဂျင်း)ပါးပါး ခုနစ်လွှာကို သဘာဝ ထန်းလျက်ခဲအညိုသုံးလုံးထည့်ကာ ရေ နှင့် သုံးခွက်တစ်ခွက်တင် ကျိုသောက်ပါ။

(ခ) ဟင်းလျာများတွင် ကြက်သွန်ဖြူများများ ထည့်ချက်ပါ သို့မဟုတ် ကြက်သွန်ဖြူ များများထည့်၍ ဆန်ပြုတ်ကျိုသောက်ပါ။

(ဂ) ကင်ပွန်းချဉ်ရွက်ကို ဟင်းချို၊ ချဉ်ရည်ဟင်း ချက်၍စားပါ။

(ဃ) ကြက်ဟင်းခါးသီးအခြောက်ကို ကျောက် ပျဉ်ပေါ် သွေး၍ နာကျင်နေသော လည် ချောင်းတစ်ပြင်လုံးကို လိမ်းကျံပါ။ ကြက် ဟင်းခါးသီးပြုတ်ရည်သောက်ပါ။

(င) ပျဉ်းတော်သိမ်ရွက် လက်တစ်ဆုပ်စာခန့် ကို ရေစင်စင်ဆေးပြီး အိုးသန့်သန့်တွင် သုံးခွက်တစ်ခွက်တင်ပြုတ်ပါ။ ၎င်းရေခပ် နွေးနွေးဖြင့် ပလုတ်(အာလုတ်) ကျင်းပါ။ ချက်ချင်းထွေးမပစ်ဘဲ ငုံနိုင်သမျှငုံထားပါ (သို့သော် မျိုချရန်မလို)။ ပျဉ်းတော်သိမ် ရွက်ပြုတ်ရည်က အာသီးရောင်ခြင်းအတွက် ကိုလည်း ကောင်းကျိုးပြုပါသည်။

(စ) ရေနွေးကို ပွက်ပွက်ဆူအောင်ကျိုပြီး ပင်စိမ်းရွက်ခတ်ကာသောက်ပါ သို့မဟုတ် ပလုတ်ကျင်းပါ။

(ဆ) မန်ကျည်းသီးမှည့်ကို ဆား၊ အညိုရောင် ထန်းလျက်တို့ဖြင့် ဖျော်ရည်လုပ်သောက်ပြီး ၎င်းမန်ကျည်းသီးအဖတ်များကို ဝါးစားပါ။

(ဇ) ဒန့်သလွန်ပင်မြစ်ကို ထုထောင်းကြိတ်ခြေ၍ အရည်ကိုညှစ်ယူကာ စားပွဲတင်ဇွန်း တစ်ဇွန်းခန့် နေ့စဉ်သောက်ပါ။ လည် ချောင်းနာသာမက အသံဝင်၊ အသံပျက် ခြင်းကိုလည်း ပျောက်ကင်းစေနိုင်ပါသည်။

(ဈ) ဆီးဖြူရွက်ကို ရေသုံးခွက်တစ်ခွက်တင်ကျို၍ အာလုတ်(ပလုတ်)ကျင်းပါ။

(ည) ကေရာဇ်ပင်၏အမြစ်ကိုသွေး၍ ဆန်ဆေး ရည်နှင့် သောက်ပါ။

(ဋ) စိမ်းစားဥ၊ ဖရဲသီးစားပါ။

(ဌ) စွန်ပလွံသီးမှည့် သို့မဟုတ် စွန်ပလွံသီး ယိုစားပါ။

(ဍ) ခရမ်းကစော့သီးစားပါ သို့မဟုတ် ခရမ်း ကစော့ပင်၏ အရွက်ပြုတ်ရည်သောက်ပါ။

(ဎ) ခံတက်ရွက်သုပ်စားပါ သို့မဟုတ် ခံတက် ရွက်ပြုတ်ရည်သောက်ပါ။

(ဏ) ကြောင်ပန်းရွက်သုပ်စားပါ သို့မဟုတ် ကြောင်ပန်းရွက်ပြုတ်ရည်သောက်ပါ။

(တ) ကန်စွန်းရိုးနီကို အညိုရောင်ထန်းလျက်ဖြင့် ပြုတ်သောက်ပါ။ ရေခပ်နွေးနွေးတစ်ခွက် ထဲကို ဆားလက်ဖက်ရည်ဇွန်းဖြင့် လေးပုံ တစ်ပုံခန့်ထည့်ပါ။ ထိုအရောအနှောထဲကို ပိုးသေစေနိုင်သော အာနိသင်ဖြစ်အောင် လစ်စထရင်းပလုတ်ကျင်းဆေးရည် လက် ဖက်ရည်ဇွန်းတစ်ဇွန်းထည့်၍ ပလုတ် (အာလုတ်)ကျင်းပါ။ (မျိုမချပါနှင့်)

အချုပ်အားဖြင့်ဆိုသော် ဆောင်းလေဆော့သွေး ကျန်းမာရေးအတွက် ခြေထောက်ကို နွေးနွေးထွေးထွေး ထားပြီး ချင်းစိမ်း၊ ချင်းယို၊ ချင်းခြောက်မှုန့်စားပေးပါ။ ဆောင်းညများတွင် လက်မောင်းနှင့် ခြေထောက် အောက်ပိုင်းတို့ကို နွေးနွေးထွေးထွေးထားပါက နှစ်ခြိုက်စွာအိပ်ပျော်စေပြီး အအေးမိ၍ ကိုယ်လက် ကိုက်ခဲခြင်းများ မဖြစ်စေနိုင်တော့ပေ။ ထို့ပြင် ရာသီ ဥတုဘယ်လောက်အေးအေး ညအခါ ဦးထုပ်ဆောင်း မအိပ်ပါနှင့်။ မျက်စိနှင့်ဦးနှောက်ကိုထိခိုက်စေပြီး ဆံပင်ကျွတ်စေပါသည်။

# ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်စာရင်းဝင် ကုမ္ပဏီခုနစ်ခုက ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၄ ရက်ထိ ငွေကျပ် ၂၄၂ ဒသမ ၉၆ သန်း အရောင်းအဝယ်ဖြစ်ခဲ့




**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်စာရင်းဝင် ကုမ္ပဏီခုနစ်ခုက ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၄ ရက်ထိ ငွေကျပ် ၂၄၂ ဒသမ ၉၆ သန်းထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း သတင်းများအရ သိရသည်။

ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၄ ရက်အတွင်း ရန်ကုန်စတော့အိတ်ချိန်း(YSX) ဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီခုနစ်ခုမှ ငွေကျပ် ၂၄၂ ဒသမ ၉၆ သန်းတန်ဖိုးရှိ အစုရှယ်ယာစောင်ရေစုစုပေါင်း ၃၂၆၇၇ စောင်ထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုအခါ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်တွင် First Myanmar Investment Public Co.,Ltd (FMI)ကုမ္ပဏီ၊ AMATA Holding Public Co.,Ltd (AMATA) ကုမ္ပဏီ၊ Ever Flow River Group Public Co.,Ltd (EFR) ကုမ္ပဏီ၊ TMH Telecom Public Co., Ltd (TMH) ကုမ္ပဏီ၊ First Private Bank Ltd (FPB) ကုမ္ပဏီ၊ Myanmar Thilawa SEZ Holdings Public Co., Ltd(MTSH) ကုမ္ပဏီနှင့် Myanmar Citizens Bank Ltd (MCB) ကုမ္ပဏီခုနစ်ခုမှ အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်စာရင်းဝင် အများပိုင်ကုမ္ပဏီများအနေဖြင့် ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၄ ရက်အတွင်း အစုရှယ်ယာများ ရောင်းချပေးခဲ့သည့်အခြေအနေများမှာ First Myanmar Investment Public Co., Ltd(FMI) ကုမ္ပဏီမှ ငွေကျပ် ၇၂ ဒသမ ၁၁ သန်းတန်ဖိုးရှိ အစုရှယ်ယာပေါင်း ၇၉၆၇ စောင်၊ Myanmar Thilawa SEZ Holdings Public Co.,Ltd (MTSH) ကုမ္ပဏီမှ ငွေကျပ် ၅၂ ဒသမ ၁၄ သန်းတန်ဖိုးရှိ အစုရှယ်ယာပေါင်း ၁၅၇၄၆ စောင်၊ မြန်မာနိုင်ငံသားများဘဏ် Myanmar Citizens Bank Ltd (MCB) ကုမ္ပဏီမှ ငွေကျပ် ၃ ဒသမ ၁၃ သန်းတန်ဖိုးရှိ အစုရှယ်ယာပေါင်း ၄၀၈ စောင်၊ ပထမပုဂ္ဂလိကဘဏ် First Private Bank Ltd (FPB) ကုမ္ပဏီမှ ငွေကျပ် ၁၀၃ ဒသမ ၉၉ သန်းတန်ဖိုးရှိ အစုရှယ်ယာပေါင်း ၅၄၂၂ စောင်၊ TMH Telecom Public Co.,Ltd (TMH) ကုမ္ပဏီမှ ငွေကျပ် ၁ ဒသမ ၂၁ သန်းတန်ဖိုးရှိ အစုရှယ်ယာပေါင်း ၄၆၇ စောင်၊ Ever Flow River Group Public Co., Ltd (EFR) ကုမ္ပဏီမှ ငွေကျပ် ၃ ဒသမ ၁၉ သန်းတန်ဖိုးရှိ အစုရှယ်ယာပေါင်း ၁၂၀၅ စောင်၊ AMATA Holding Public Co., Ltd(AMATA) ကုမ္ပဏီမှ ငွေကျပ် ၇ ဒသမ ၁၉ သန်းတန်ဖိုးရှိ အစုရှယ်ယာပေါင်း ၁၄၆၂ စောင်၊ စုစုပေါင်းရန်ကုန်စတော့အိတ်ချိန်းဈေးကွက်စာရင်းဝင်ကုမ္ပဏီ ခုနစ်ခုမှ စုစုပေါင်း ငွေကျပ် ၂၄၂ ဒသမ ၉၆ သန်းတန်ဖိုးရှိ အစုရှယ်ယာပေါင်း ၃၂၆၇၇ စောင် ရောင်းချပေးခဲ့ရခြင်းဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်း သတင်းများအရ သိရသည်။

(၃၃၆)

# စဉ့်ကိုင်မြို့နယ် စွန်ရဲ(တ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စွန်ရဲ(တ)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စွန်ရဲ(တ) ကျေးရွာ၌ အရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ် စွန်ရဲ(တ) ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာပြည်သူများ ကိုယ်တိုင် ဒီဇင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိတွင် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းပြီးစီးပါက ကျေးရွာနေ ပြည်သူလူထုအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူချောမွေ့စေပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စများတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က ပြောပြ၍ သိရသည်။

**ဓအးသူ**

**စာပေမြင့်မှ လူမျိုးတင့်မည်**






# ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

သွားဆရာဝန်များ၏ထောက်ခံချက်ရရှိထားပါသည်။

# DENTOMEC

FDA အမှတ်-1907 PC 0040




ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၆၈၀၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇




" အောင်အတိတ် အောင်နိမိတ်ဆောင်ပြီး ရတနာပုံကိန်းဆိုက်မည့် **မန္တလေးမြို့**၏ ဂုဏ်ကျက်သရေဆောင် "

## ရတနာပုံ ခန်းမ စတင်ဖွင့်လှစ်လိုက်ပါပြီ...



**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊
ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊
အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊
နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊
တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများ

**ဆက်သွယ်ရန်လိပ်စာ**

- ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
- STARMART MANDALAY Wholesale - ၂၆လမ်း နှင့် ၆၆ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ ။
- ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။


## "အများသိစေရန်ကြေညာခြင်း"

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ဂျင်းတန်းတွင်တည်ရှိသော အကွက်အမှတ် (၅၇၅)၊ ဦးပိုင်အမှတ် (၆၄/၁)၊ ဂရန်မြေနှင့်အဆောက်အဦးသည် ကွယ်လွန်သူ အမွေရှင် ဦးဘဖေ၏ တူ၊ တူမများဖြစ်ကြသော ဒေါ်ညွန့်ညွန့်ရွှေ၊ ဒေါ်တင်နု၊ ဦးမြင့်အောင်၊ ဒေါ်ခင်မမ၊ ဦးခင်မောင်သန်း တို့မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံရရှိသော မြေနှင့်အဆောက်အဦး ဖြစ်ပါသည်။

အဆိုပါမြေနှင့်အဆောက်အဦးကို အမွေဆိုင်များ သိရှိသဘောတူခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ လွှဲပြောင်းခြင်းတို့မပြုလုပ်ကြရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်မောင်မောင်(LL.B)** **ဒေါ်အေးအေးခိုင်(LL.M)**

တရားလွှတ်တော်ရှေ့နေများ

အိမ်အမှတ် တတ-၅၃/၄၃၊ ၁၂၅×၁၂၆လမ်းကြား၊ ၅၃(B)လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း- ၀၉-၂၀၆၁၁၄၈၊ ၀၉-၂၅၈၃၃၇၇၅၅


**My Home** ခြင်လုံလိုက်ကာဆိုင်မှ
**အထွေထွေဝန်ထမ်း ကျား (၂)ဦး အလိုရှိသည်။**

- ရုပ်ရည်အသင့်အတင့်၊ သွက်လက်စွာလုပ်နိုင်သူ ဦးစားပေးမည်။
- လစာ (160,000 - 200,000)

လိပ်စာ- လမ်း 60×110 (မနော်ဟရီလမ်း)
09-969312025


## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝက်ဝံဘူတာနေ (အဘ) ဦးစန်းယု၏ သမီးဖြစ်သူ မသပြေယု အား မချမ်းသု (၉/ပဥလ(နိုင်)၀၂၇၉၈၉) ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မချမ်းသု(၉/ပဥလ(နိုင်)၀၂၇၉၈၉)


***Long Style Beauty Saloon***

**ဆေးဆိုး** → *(30%) off*

**ဝန်ထမ်းအလိုရှိသည်**

- **ခေါင်းလျှော်ကျွမ်းကျင်** (၅)ဦး
- **အလုပ်သင်** (၅)ဦး
- **ဆံပင်ညှပ်ဆရာ** (၃)ဦး

(ယောကျာ်းလေးညှပ်ကျွမ်းကျင်)

**၃၇လမ်း၊ ၇၅× ၇၆ကြား။ ဖုန်း/ 09-2053849**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**
- **မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုဒ္ဓာ နီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

**ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ အမှတ်စဉ်(၄)မှာလည်း တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း အလေးအနက်ထားလုပ်ဆောင်သွားမည် ဆိုတဲ့အချက်ကို အတိအလင်းထည့်သွင်းထားပါတယ်။ နိုင်ငံရေးဦးတည်ချက်မှာလည်း ထည့်သွင်းထားပါတယ်။ ဒီလုပ်ဆောင်ချက်တွေကတစ်ဆင့် အမျိုးသားရေးလုပ်ငန်းစဉ်တွေ၊ နိုင်ငံရေးလုပ်ငန်းစဉ်တွေကို ပုံဖော်နိုင်မှာဖြစ်ပါတယ်။ ဒီလိုပုံဖော်နိုင်ဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရှိကိုရှိရမှာဖြစ်ပါတယ်။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ပြင်ဦးလွင်ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်-၂၀၂၂ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်






**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ပြင်ဦးလွင်ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်-၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

**မန္တလေး ဒီဇင်ဘာ ၂၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ပြင်ဦးလွင်ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်-၂၀၂၂ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင် ပြည်သူ့အားကစားကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှူး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စက်ဘီးစီးသမားများနှင့် ဝါသနာရှင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၅၀၀ ကျော် တက်ရောက်ဆင်နွှဲကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်တန့်နေသည့် ခရီးသွားလုပ်ငန်းများပြန်လည်သက်ဝင်ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဒီဇင်ဘာလအားကစားပုံရိပ်ဖြင့် ခရီးသွားမြှင့်တင်ရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် စက်ဘီးစီးပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင်

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

**မြန်မာ့သနပ်ခါးကို ဆေးဝါးအဖြစ် ထုတ်လုပ်ကာ တရားဝင်ဖြန့်ဖြူးရောင်းချပေးရန် စီစဉ်ဆောင်ရွက်နေ**

စာမျက်နှာ - ၂၅

**၂၀၂၂ ခုနှစ် ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်**

စာမျက်နှာ - ၁၇



SIN MINN

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP

အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ

ISO 9001 : 2015
CERTIFICATE NO. TH011875

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

